Agribiz News
www.agribiznews.com.mm
ယခုပါ စီးပွား သတင်း
e-Paper-0010
၂၀၂၄ ခုနှစ် မေ ၁၅ ရက်




# မြန်မာ – ထိုင်း နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မေ ၁၀

**မြန်**မာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် မေ ၁၀ ရက်နေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး နှင့် မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြသည်။

နှစ်ဖက်ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် လယ်ယာကုန်ထုတ် လုပ်ငန်းများ၌ ထိုင်းနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး တင်ပြ လာပါက ဥပဒေနှင့်အညီ ခွင့်ပြုချက် ရရှိရေး နှင့် လိုအပ်ချက်များ ကူညီပေးနိုင်မည့် အခြေအနေများ ၊ နို့စားနွား တိုးချဲ့မွေးမြူရေး နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းအတွက် မြန်မာနိုင်ငံ၏ ဆောင်ရွက်နေမှုများ ပြည်ပရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ မြန်မာ့ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ် တင်ပို့မှု ဆိုင်ရာကိစ္စရပ်များ နှင့် မြန်မာနိုင်ငံ တွင် ကျွဲ နွား ခွါနာ လျှာနာရောဂါကင်းမဲ့ဇုန်များ ၊ တိရစ္ဆာန် ကူးစက်ရောဂါ ထိန်းချုပ်ဇုန် များ ဆောင်ရွက်ထားရှိမှု နှင့် တိရစ္ဆာန် နယ်စပ်ဖြတ်ကျော်တင်ပို့ခြင်းဆိုင်ရာ မူဝါဒများ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ကျွဲနွားတင်ပို့မှုဆိုင်ရာ သဘောတူညီချက် MOU ဆောင်ရွက်ရန် လိုအပ်ချက်များ၊ မြန်မာ့ ငါးမြင်း ငါးမျိုးဗီဇ စစ်ဆေးခြင်းနှင့် မျိုးထိန်းခြင်းလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းဆိုင်ရာ များ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော ရေရှည်တည်တံ့သည့် လယ်ယာကုန်ထုတ်လုပ်မှု ဖြစ်စေရေး အတွက် စီမံဆောင်ရွက်နေမှုများ ၊ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး နှင့် မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်း အတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်း ရရှိသည်။

MOALI

ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး
စာ – ၈

ရေနေသတ္တဝါများကို ထိခိုက်စေသည့် မိုက်ခရိုပလတ်စတစ်
စာ – ၁၆


တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်အုပ်စုရှိ စူပါနှံကောက် (RS-CS) မျိုးစေ့ထုတ် စိုက်ခင်း

# သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်ပြီး ရေရှည်တည်တံ့သော ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေး အားပေးဆောင်ရွက်

နေပြည်တော်၊ မေ ၁၁

သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိပြီး ရေရှည်တည်တံ့သော ဘက်စုံ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုးလာရေး၊ တစ်ဧကချင်း၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ တောင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန က ဘက်စုံကဏ္ဍစုံမှ အားပေးဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်အုပ်စုရှိ စူပါနှံကောက် (RS-CS) မျိုးစေ့ထုတ် စိုက်ခင်း၌ ဒေသခံ တောင်သူလယ်သမားများနှင့်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက နိုင်ငံတကာ၌ ဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းနှင့်အတူ ဓာတ်မြေဩဇာနှင့် သွင်းအားစုဈေးနှုန်းများ ကြီးမြင့်လာလျက်ရှိနေရာ စိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့်လည်း ရင်းနှီးမြုပ်နှံမှုမြင့်မားလာလျက်ရှိကြောင်း၊ တစ်ချိန်တည်းတွင် စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများ ဈေးကောင်းရရှိနေခြင်း ဈေးကွက်ဝယ်လိုအားများ တိုးတက်နေခြင်းကလည်း တောင်သူ လယ်သမားများအတွက် အခွင့်အလမ်းကောင်းအဖြစ် ရှိနေခြင်းကြောင့် သွင်းအားစုစရိတ် သက်သာစေမည့် နည်းလမ်းများ လိုက်နာကျင့်သုံးရန် လိုကြောင်း၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်ကို ဆောင်ရွက်ခြင်းဖြင့် လယ်ယာ ဘေးထွက်ပစ္စည်းများမှ တိရစ္ဆာန်အစာ ဖြည့်ဆည်းပေးနိုင်မှုနှင့် တိရစ္ဆာန်အညစ်အကြေးမှ သဘာဝ မြေဩဇာအဖြစ် အသုံးပြုမှုများ ပါဝင်သည့် လည့်ပတ်သုံးစွဲ နည်းစနစ်အား အသုံးပြုပြီး တောင်သူများ ဝင်ငွေတိုးတက်ပွားရေး ကြိုးပမ်းလုပ်ကိုင်နိုင်မှု အခွင့်အလမ်းများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အတွက် ဘဏ္ဍာနှစ် အလိုက်ဆောင်ရွက်နေမှုများ၊ နေပြည်တော်ကောင်စီနယ်မြေ၏ သီးထပ်စွမ်းအားမြှင့်တင်ရေးနှင့် ပန်းတိုင် အထွက်ရရှိရေး ဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက တောင်သူများအား သဘာဝမြေဩဇာများ ထောက်ပံ့ပေးအပ်ပြီး စူပါနှံကောက် မျိုးစေ့ထုတ်စိုက်ခင်းနှင့် သဘာဝ မြေဩဇာ မြေဆွေးထုတ်လုပ်သုံးစွဲနေမှု ၊ နွားနွား၊ ကျွဲ နှင့် ဘဲများ မွေးမြူထားရှိမှုတို့ကို ကြည့်ရှု အားပေးကြသည်။ ထိုမှတဆင့် ဒုတိယဝန်ကြီး သည် ဒက္ခိဏသီရိမြို့နယ်၊ ရွှေခအင်းကျေးရွာရှိ ပုဂ္ဂလိက ငါးမွေးမြူရေး လုပ်ငန်း၏ ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမ၊ ငွေရောင်ငါးကြင်း၊ ငါးကြင်းဖြူနှင့် မြက်စားငါးကြင်း ကောင်ရေ ၈၆၀၀၀ ရောနှောမွေးမြူထားရှိမှု၊ ငါးသားပေါက်များ ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပုဂ္ဂလိက ငါးမွေးမြူရေး လုပ်ငန်းရှင်များအား ရေသတ္တဝါ မွေးမြူ ထုတ်လုပ်ရာတွင် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် Good Aquaculture Practices-GAqP( ဂျီ အေကျူ ပီ ) နှင့် အညီဆောင်ရွက်ရန်၊ သဘာဝ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော မွေးမြူထုတ်လုပ်မှု ဖြစ်စေရန်၊ အစားအစာ ဘေးအန္တရာယ်ကင်းစင်မှု စံချိန်စံညွှန်းများ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

၎င်းနောက် ဒုတိယဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ်၊ အော်ဂဲနစ်စိုက်ပျိုးရေးခြံသို့ ရောက်ရှိရာ ခြံတာဝန်ရှိသူများက စားသုံးသူများ အတွက် ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု၊ တောင်သူများ အား အော်ဂဲနစ်စိုက်ပျိုးရေး နည်းပညာများနှင့် ရင်းနှီးလာစေရန် နည်းပညာဖြန့်ဝေပေးနေမှု၊ သီးနှံသစ်တော ရောနှောစိုက်ခင်း အဖြစ် ပျဉ်းကတိုး၊ သဒ္ဒီ ၊ မဒမ၊ မလွှာ၊ ဒီဒူးပုန်းမဲဇာ ၊ ရုံးပင်၊ သဖန်း၊ ကတွတ် စသော ဒေသပေါက် သစ်ပင်များနှင့် ဝါးပင်များကြားတွင် ငှက်ပျော၊ စွန်ပလွန်၊ ဆူးပုတ်၊ ကင်ပွန်းချဉ်ပင်များရောနှောစိုက်ပျိုးထားရှိမှု တို့ကို လိုက်လံပြသရာ ဒုတိယဝန်ကြီးက စိုက်ပျိုး ရေးလုပ်ငန်း ဆောင်ရွက်နေကြသည့် တောင်သူလယ်သမားများနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက်ရှိ တောင်သူများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များအကြား ပူးပေါင်း ဆောင်ရွက်မှု အားကောင်းလာစေရန် လုပ်ငန်းစဉ်အဆင့်အတိုင်း စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် သီးနှံအလိုက် အကျိုးအမြတ် အများဆုံး ရရှိသည့် စိုက်ပျိုးရေး နည်းစနစ်များကို ပညာပေး ဆောင် ရွက်ရန် လိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

MOALI

စိုက်ပျိုးမွေးမြူရေးဆိုင်ရာသတင်း ဆောင်းပါးများနှင့် ဈေးကွက် အခြေအနေများကို
အချိန်နှင့်တပြေးညီ ဖတ်ရှုနိုင်ရန် အတွက်



GET IN ON Google Play
AgribizNews App ကို
Play Store မှာ Download ရယူပါ
တောင်သူလယ်သမားများ မိုဘိုင်းဖုန်းတွင် အခမဲ့ ကြည့်ရှုနိုင်ပါသည်

# မေလ ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသအခြေအနေ




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း ၁ ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့် အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ရှမ်း ပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည် နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမှု အောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည် နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ချင်းပြည်နယ်၊ရခိုင်ပြည်နယ်၊ကယားပြည်နယ်တို့တွင် ၂ ရက်မှ ၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## နေ့အပူချိန်

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ရခိုင်ပြည်နယ်၊ကယားပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ် နှင့်အထက် ပိုနိုင်ပြီးစစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့ နှင့် ကသာမြို့တို့တွင် ၂ ပေ မှ ၄ ပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၂ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များ အထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိအမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့ နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက် လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်သည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၃ လက်မခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင်ပေဝက်ခန့်၊ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး၊ ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

■

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm
အမြဲတမ်း ရှိနေ့ သတင်း

**တာဝန်ခံအယ်ဒီတာ**
ထွန်းသက်ပိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

**ထုတ်ဝေသူ**
ဦးအောင်ဇံထွေး(မြ-၀၀၄၁၀)

**လိပ်စာ**
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

## ပန်းနှမ်းစေ့များ မန္တလေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းမွန်နေ



မန္တလေးဈေးကွက်တွင် ပန်းနှမ်းစေ့များ ဈေးကောင်းရရှိပြီး အရောင်း အဝယ် အခြေအနေ ကောင်းမွန်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရှိရသည်။ အိန္ဒိယနိုင်ငံသည် ပန်းနှမ်းစေ့ အများဆုံး ဝယ်ယူသူဖြစ်ပြီး တရုတ်နိုင်ငံသည် ဒုတိယအများဆုံး ဝယ်ယူသူဖြစ်သည်။ လက်ရှိတွင် ၄၅ ပိဿာ (သုံးတင်းဝင်အိတ်တစ်အိတ်) ဈေးနှုန်းမှာ ၂၂၀,၀၀၀ ကျပ်ဖြစ်ပြီး ရာသီဥတု ကောင်းမွန်နေချိန် ဖြစ်၍ ထုတ်လုပ်မှုနှုန်း ကောင်း မွန်လျက်ရှိသည်။

ပြည်တွင်းပြည်ပ ဝယ်လိုအားအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း၊ အချို့အစေ့များကို ဆီကြိတ်၍ မုန့်ပဲသွားရည်စာထုတ်လုပ်ရေးလုပ်ငန်းများတွင် ဟင်းချက်ဆီအဖြစ် အသုံးပြုကြ ကြောင်း၊ ပြည်ပနိုင်ငံများတွင် ပန်းနှမ်းကို စားသုံးရန်အတွက် ဟင်းချက်ဆီအဖြစ်လည်း ကောင်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ရာတွင်လည်းကောင်း၊ ဆေးဝါး ထုတ်လုပ်ရာတွင်လည်း ကောင်း အသုံးပြုကြကြောင်း၊ ထိုသို့အသုံးများလာသည့်အတွက် ရှမ်းတောင်သူများသည် ဝင်ငွေပိုမိုရရှိစေရန် ၎င်းတို့၏ အဓိကသီးနှံအဖြစ် စိုက်ရေးယာ များ တိုး ချဲ့ လာ ကြ ကြောင်း၊ ယခင်နှစ်ဈေးနှုန်းထက် ပိုမိုရရှိကြောင်း မန္တလေးမြို့ရှိ“စိုးဝင်းမြင့်” သီးနှံလက္ကားအရောင်းအဝယ်ဒိုင်၏ ပိုင်ရှင်ဖြစ်သူ ဦးစိုးဝင်းမြင့်က ပြောကြားသည်။

ပန်းနှမ်းသည် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ

စာ-၆ သို့

# ရမည်းသင်း ကတင်ကျေးရွာစံပြစိုက်ကွင်း၌ ဝါသီးနှံ ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းရေး နည်းပညာပေးသရုပ်ပြပွဲကျင်းပ



နေပြည်တော် မေ ၁၀

ချည်မျှင်ရှည်ဝါသီးနှံ ဖွံ့ ဖြိုး တိုး တက်ရေး အတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့် ရမည်းသင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခုနှစ် ချည်မျှင်ရှည်ဝါစိုက်ပျိုးရာသီ ပန်းတိုင်အထွက် ရရှိရေး အတွက် ဌာန နှင့် တောင်သူ ပူးပေါင်းဆောင်ရွက်ထားရှိသည့် ကတင်ကျေးရွာ စံပြစိုက်ကွင်း ၌ ဝါသီးနှံ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာပေး ကွင်းသရုပ်ပြပွဲကို မေ ၁၀ ရက် နံနက်ပိုင်း က ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပညာပေးဝန်ထမ်း များနှင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးသူ တောင်သူများ တက်ရောက်ကြသည်။

ကွင်းသရုပ်ပြပွဲ တွင် ဒုတိယ ဝန်ကြီး က ဆွေးနွေးပြောကြားရာ၌ လယ်ယာ ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး အတွက် စီမံခန့်ခွဲရေး ၊ စည်းရုံးရေး နှင့် နည်းပညာပေးခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်ရပါကြောင်း၊ တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေးစီမံဆောင်ရွက်ပေးခြင်း နှင့် လက်တွေ့ အသုံးချသုတေသနလုပ်ငန်းများတွင် တောင်သူများ ကိုယ်တိုင်ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်စေရေး အားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလားတူ နည်းပညာပြန့်ပွားရေး လုပ်ငန်းများတွင် တောင်သူများ အချင်းချင်း နည်းပညာ မျှဝေခြင်း၊ တောင်သူများ အချင်းချင်း အသိပညာဖလှယ်သည့် တွေ့ဆုံဆွေးနွေးပွဲများဆောင်ရွက်ပေးခြင်းများ စီမံပေးသွားရန် လိုအပ်ကြောင်း၊ ဝါသီးနှံ အမြင့်ဆုံးအထွက်နှုန်း ရရှိရေးအတွက် ရေရှိနိုင်မှုအခြေအနေ၊ ရေထည့်သွင်းနိုင်မည့်အကြိမ်အရေအတွက်တို့ကို ထည့်သွင်း စဉ်းစားရန် နှင့် ရေကိုအကျိုးရှိထိရောက်စွာ ပေးသွင်းအသုံးပြုနိုင်ရန်၊ အထွက်နှုန်းကို တိုက်ရိုက်လွှမ်းမိုးထားသော အပင်ဦးရေပြည့်မီအောင်စိုက်ပျိုးရန်၊ ရေငွေ့ပျံဆုံးရှုံးမှု သက်သာစေရန်၊ အပင်ကြီးထွားမှုလျင်မြန်မှုရှိစေရေး ထည့်သွင်းစဉ်းစားရန် လိုကြောင်း၊ မိမိတို့၏ မြေ ဆီလွှာ တိုး တ က် ကော င်း မွ န် ရေး အတွက် သဘာဝမြေဩဇာများ၊ တီကျစ်စာမြေဆွေးများကို ကိုယ်တိုင်ပြုလုပ်သုံးစွဲစေလိုကြောင်း၊ အဆိုပါလုပ်ငန်းအတွက် လိုအပ်သည့်နည်းပညာကို ပံ့ပိုးပေးမည် ဖြစ်ကြောင်း၊ ပညာရှင်များအနေဖြင့် တောင်သူများ၏ မိရိုးဖလာဗဟုသုတ၊ နည်းပညာများကိုလည်း မှတ်တမ်းတင်လေ့လာပြီး ပိုမိုတိုးတက်ကောင်းမွန်သော တီထွင်ကြံဆမှုများ ဆောင်ရွက်ကြစေလိုကြောင်း၊ သီးနှံ စိုက်ပျိုး ရေးဆိုင်ရာ နည်းပညာများအား မိုဘိုင်းဆက်သွယ်ရေးမီဒီယာများမှ တောင်သူများ ရှာဖွေရယူအသုံးပြုနိုင်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ တွေ့ဆုံဆွေးနွေးပွဲများ အွန်လိုင်းစနစ်ဖြင့် တောင်သူများ ပါဝင်တက်ရောက်နိုင်စေရေး အ တွ က် လေ့ ကျ င့် ကူ ညီ ပေး ပြီး ခေတ်မီဒီဂျစ်တယ် နည်းပညာ အသုံးပြုသော စိုက်ပျိုးနည်းပညာ တိုးတက်မှု ဖြစ်စေရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝါသီးနှံပညာရှင်များက ဝါသီးနှံတွင်ကျရောက်ဖျက်ဆီးသည့် ဖျက်ပိုး ကာကွယ် နှိမ်နင်းခြင်း နည်းပညာနှင့် သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တောင်သူများသည် ဝါသီးနှံ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာ လက်တွေ့ သရုပ်ပြသခြင်းကို ကွင်းဆင်းလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပညာရှင်များက အသေးစိတ် ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့မှတဆင့် ဒုတိယဝန်ကြီး သည် ရမည်းသင်းမြို့နယ် ရွှေဒါးကျေးရွာ ပုဂ္ဂလိက ဝါကြိတ်စက် နှင့် ဆီစက်တို့၏လုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဝါဂွမ်းများထုပ်ပိုးထားရှိမှု၊ ဝါစေ့ကြိတ်ခွဲမှုအဆင့်ဆင့်၊ ဝါစေ့ဆီထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝါမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဝါကြိတ်စက်မှ မျိုးသန့်ရရှိနိုင်ရေးဆောင်ရွက်ရာတွင် လိုက်နာ ဆောင် ရွက်ရမည့် အချက်များ ၊ ဝါမျိုးစေ့ထုတ် လိုင်စင်ရရှိရေးဆောင်ရွက်ရန် နှင့် မျိုးစေ့လုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ဌာနက ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကူညီဆောင်ရွက် ပေး သွားမည့် အခြေအနေများကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ နေခြည်ဝင်း ဝါစက်တွင် ဝါစိုက်တောင်သူများ နှင့်တွေ့ဆုံ၍ တောင်သူများ၏ လက်ရှိဝါစိုက်ပျိုးမှု မျိုးအသုံးပြုမှု အခြေအနေများအား မေးမြန်းဆွေးနွေးပြီး ဝါဂွမ်း ဈေးကွက်အလားအလာ နှင့် ဝါစေ့ကြိတ်စက်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI

## ဖိလစ်ပိုင် ပြည်နယ်ထက်ဝက်ကျော် မိုးခေါင်မှုကြုံနေရ



အယ်နီညိုရာသီဥတုဒဏ်ကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် အပူချိန်များမြင့်တက်လျက်ရှိပြီး ခြောက်သွေ့မှုများကို ကြုံတွေ့ရလျက်ရှိသည်။ ယင်းမိုးခေါင်မှုအခြေအနေကို Nueva Ecija ပြည်နယ်အပါအဝင် ဖိလစ်ပိုင်ရှိ ပြည်နယ် ထက်ဝက်ကျော်၌ ရင်ဆိုင်ရလျက် ရှိသည်။

ဖိလစ်ပိုင်ရှိ ပျမ်းမျှ နေ့အပူချိန်မှာ ၄၀ ဒီဂရီဆဲလ်စီးယပ်ရှိပြီး အချို့ဒေသများတွင် ၅၃ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိကြောင်း သိရှိရသည်။ ယင်းအခြေအနေအရ ဖိလစ်ပိုင်တွင်လာမည့် သီးနှံရိတ်သိမ်းချိန် ထွက်ရှိမည့် ပမာဏသည် ပျမ်းမျှအောက် လျော့နည်းထွက်ရှိမည်ဖြစ်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

သီးနှံအတွက် ဆုံးရှုံးမှုသည် ဖိလစ်ပိုင် ပီဆို ၄ ဘီလီယံထက် ကျော်လွန်မည်ဖြစ်ပြီး မိုးရေ မရသည့်အတွက် တောင်သူလယ်သမားများ၏ အခြေအနေ ပိုမိုဆိုးဝါးစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပုံမှန်အားဖြင့် မေလလယ်တွင် မိုးရွာသွန်းမည်ဟု ခန့်မှန်းထားသော်လည်း ပုံမှန်ထက် ပိုမိုခြောက်သွေ့မည့်ကာလသည် ဩဂုတ်လအထိရောက်ရှိနိုင်ကြောင်းရာသီဥတုခန့်မှန်းရေးအဖွဲ့ ခေါင်းဆောင်အန်နာဆိုလစ်က ပြောကြားထားသည်။ TTP





# စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်နှစ် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပ

နေပြည်တော်၊ မေ ၁၂

စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်နှစ် ဘွဲ့နှင်းသဘင်အခမ်းအနား ကို မေ ၁၂ ရက်နေ့ နံနက်ပိုင်းက နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ရှိ အဆိုပါ တက္ကသိုလ်၏ ဘွဲ့နှင်းသဘင် ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန် နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ် နှင့် ပါမောက္ခ များ၊ ကထိကများ၊ ဆရာ၊ ဆရာမများ၊ ဘွဲ့ရမောင်မယ်များ နှင့် မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဘွဲ့နှင်းသဘင်အခမ်းအနား အစီအစဉ်ပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၏ (၃၂)ကြိမ်မြောက် ဘွဲ့နှင်း သဘင် အခမ်းအနားကို တက္ကသိုလ်ရာပြည့်နှစ် ဘွဲ့နှင်းသဘင်အဖြစ် ကျင်းပနိုင်ခြင်း ဖြစ်သည့်အတွက် မှတ်တမ်းတင်အပ်ပါကြောင်း၊ ဘွဲ့ရတစ်ဦး ဖြစ်မြောက်ရန်အတွက် (၅)နှစ် တာကာလမှာ မောင်မယ်များအတွက် သာမက ပံ့ပိုးပေးသူ မိဘ ဆွေမျိုးများ၊ စေတနာထား သင်ကြား ပေးသူ ဆရာ၊ ဆရာမများ နှင့် ကျောင်းတော်ကြီးအတွက်လည်း ဝမ်းသာဂုဏ်ယူ ရသော နေ့တစ်နေ့လည်း ဖြစ်ပါကြောင်း၊

နှစ်စဉ်တက်ရောက်ကြသည့် ကျောင်းသားကျောင်းသူများ၏ မိဘအလုပ်အကိုင် ဇစ်မြစ်များကို လေ့လာကြည့်ရာတွင် ကျောင်းသားကျောင်းသူ ၅၀ ရာခိုင်နှုန်း၏ မိဘများ က တောင်သူ လုပ်ငန်း လုပ်ဆောင်ကြသည်ကို တွေ့ရှိရကြောင်း နှစ်စဉ် တစ်နိုင်ငံလုံး၏ အခြေခံပညာ အထက်တန်း ပြီးမြောက်အောင်မြင်သူတစ်ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးရေး တက္ကသိုလ် ဝင်ခွင့် တက်ရောက်ခွင့် ရရှိနေခြင်းသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံ အတွက် စိုက်ပျိုးရေးပညာဘွဲ့ရလူသားအရင်းအမြစ်များ ပိုမိုမွေးထုတ်ပေးနိုင်ရေး အလေးထား ကြိုးပမ်းရန် လိုအပ်နေသည်ကို သုံးသပ်ရပါကြောင်း၊

မိမိတို့ကျောင်းတော်မှ စိုက်ပျိုးရေးဘာသာရပ်များအပြင် ဆက်စပ် စဉ်းစား တွေးခေါ်မှု တတ်မြောက်မှု (Critical Thinking Skill)၊ ကိုယ်ကာယကျန်းမာကြံ့ခိုင်မှု (Physical Fitness)၊ ပြောင်းလဲလာသော နည်းပညာများကို ဆက်လက်လေ့လာနိုင်ရန် သတင်းအချက် အလက် နှင့် နည်းပညာ တတ်မြောက်မှု (Information & Communication Skill) တို့ကိုပါ လေ့ကျင့် သင်ကြားပေး လိုက်ခြင်းဖြစ်ကြောင်း၊ သင်ကြားမှုပုံစံကိုလည်း သင်ကြားပေးသူနှင့် သင်ယူသူ အချိုးအစားမျှတစေပြီး အားနည်းသည့်ဘာသာကို ပြန်လည်လေ့လာ ဖြေဆို ရသော သင်ကြားမှုစနစ်ကို ကျင့်သုံးသည့် ပထမဦးဆုံးသော ဘွဲ့ရမောင်မယ်များဖြစ်ကြောင်း၊ ဘွဲ့ရ မောင်မယ်များအနေဖြင့် မိမိတို့တတ်ကျွမ်းသောပညာများကို တိုးတက်လာသော စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ ပြောင်းလဲလာသော ရာသီဥတုအခြေအနေများ နှင့် ဆက်စပ်ပြီး စဉ်ဆက်မပြတ် ဆက်လက်လေ့လာသွားကြရန် လိုအပ်သကဲ့သို့ သမာသမတ်ကျသည့်အတွေးအခေါ် အယူအဆများရှိကြရန်နှင့် နိုင်ငံတော်အကျိုး မိမိအကျိုး မျှမျှတတ စဉ်းစား လုပ်ဆောင်နိုင်ရေး ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပထမနှစ် မှ နောက်ဆုံးနှစ်ထိ တန်းစဉ်ပေါင်း အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်သည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ် က ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီး၊ ပါရဂူဘွဲ့၊ စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့၊ စိုက်ပျိုးရေးမဟာဒဿနဘွဲ့၊ စိုက်ပျိုးရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့များ ကို အပ်နှင်း သည်။

ယနေ့ကျင်းပသည့် စိုက်ပျိုးရေးတက္ကသိုလ်ရာပြည့်နှစ်ဘွဲ့နှင်းသဘင် အခမ်းအနား တွင် စိုက်ပျိုးရေးသိပ္ပံဘွဲ့ ၂၁၂ ဦး၊ ပါရဂူဘွဲ့ ၅ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၇ ဦး၊ စိုက်ပျိုးရေး မဟာဒဿနဘွဲ့ ၂ ဦး၊ စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာ ၄ ဦး စုစုပေါင်း ၂၂၄ ဦးကို ဆိုင်ရာ ဘွဲ့များ အပ်နှင်းခဲ့ခြင်းဖြစ်ကြောင်း၊ သက်တမ်း နှစ်တစ်ရာပြည့်အထိ စိုက်ပျိုးရေးတက္ကသိုလ် မှ စိုက်ပျိုးရေးသိပ္ပံဘွဲ့ ၁၃၁၉၇ ဦး၊ ပါရဂူဘွဲ့ ၇၉ ဦး၊ စိုက်ပျိုးရေးသုတေသန အခြေပြု ပါရဂူဘွဲ့ ၆ ဦး၊ မဟာသိပ္ပံဘွဲ့ ၆၇၁ ဦး၊ မဟာဒဿနဘွဲ့ ၁၁ ဦး၊ စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာ ၄၃ ဦး၊ စပါးအထူးပြု စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာ၂၄ ဦး၊ စိုက်ပျိုးရေးစီးပွားပညာဒီပလိုမာ (Israel + YAU) ၅၆ )ဦး တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သတင်း ရရှိသည်။

MOALI

■



## လတ်ဆတ်သည့် ဟင်းသီးဟင်းရွက် တန်ချိန် ၆ သိန်းကျော် ဂျပန်တင်သွင်း

၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံအနေဖြင့် ကြက်သွန်နီ၊ ငရုတ်ကောင်း၊ ဖရုံ အစရှိသော လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်တန်ချိန် ၆၂၁,၆၉၆ တန် တင်သွင်းခဲ့သည်။ ဂျပန်နိုင်ငံသို့ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ အများဆုံးတင်ပို့ခဲ့သည့် နိုင်ငံများမှာ တရုတ်၊ တောင်ကိုရီးယား၊ မက္ကဆီကိုနှင့် အမေရိကန်တို့ ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက် ဈေးကွက်မှာ တန်ချိန် ၁၃ ဒသမ ၆ သန်းရှိခဲ့ပြီး၊ ၅ ရာခိုင်နှုန်းမှာ ပြည်ပမှ တင်သွင်းခဲ့ခြင်း ဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံအနေဖြင့် ဟင်းသီးဟင်းရွက်တန်ချိန် ၁၂ ဒသမ ၉ တန် စိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှ သိရှိရသည်။ ၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ အများဆုံးထုတ်လုပ်ခဲ့သော လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များမှာ အာလူး ၁၇ ဒသမ ၇ ရာခိုင်နှုန်း၊ ဂေါ်ဖီ ၁၁ ဒသမ ၃ ရာခိုင်နှုန်း၊ ကြက်သွန်နီ ၉ ဒသမ ၄ ရာခိုင်နှုန်းနှင့် မုန်လာဥဖြူ ၉ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်။

ဂျပန်နိုင်ငံ၌ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်မှုမှာ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခု နှစ်တို့တွင် တန်ချိန် ၁၃ သန်းအောက်ကျဆင်းခဲ့ပါသည်။ထိုသို့ဖြစ်ရခြင်း၏ အဓိကအကြောင်း အရင်း မှာ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူအရေအတွက်မှာ ၂၀၁၅ ခုနှစ်တွင် ၃၇၀,၀၀၀ ဦးရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၂၇ ရာခိုင်နှုန်းကျဆင်းကာ ၂၇၀,၀၀၀ သာ ကျန်ရှိခဲ့ခြင်းကြောင့် ဖြစ်ကြောင်းနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူအရေအတွက်မှာ ဆက်လက်ကျဆင်းနိုင်ကြောင်း ခန့်မှန်းထား ကြသည်။

၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၆၅၂ ဒသမ ၁ သန်းတန်ဖိုးရှိ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ တင်သွင်းခဲ့ပြီး၊ အများဆုံးတင်သွင်းခဲ့သည့် တရုတ် ၅၀ ရာခိုင်နှုန်း၊ တောင်ကိုရီးယား ၁၂ ရာခိုင်နှုန်း၊ မက္ကဆီကို ၁၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် အမေရိကန် ၈ ရာခိုင်နှုန်းတို့ ဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံအနေဖြင့်ပြည်ပနိုင်ငံများမှအများဆုံး တင်သွင်းခဲ့သည့် ဟင်းသီးဟင်းရွက်များမှာကြက်သွန်နီ ၂၄၂,၀၁၅ တန်(၃၈ ဒသမ ၉ ရာခိုင်နှုန်း)၊ မုန်လာဥနီ ၈၉,၁၂၁ တန်(၁၄ ဒသမ ၃ ရာခိုင်နှုန်း)၊ကြက်သွန်ဖြူတ် ၅၉,၅၄၉ တန် (၉ ဒသမ ၆ ရာခိုင် နှုန်း)နှင့် ဖရုံသီး ၅၄,၉၃၉ တန် (၈ ဒသမ ၈ ရာခိုင်နှုန်း) တို့ ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် လူဦးရေကျဆင်းလျက်ရှိခြင်းကြောင့် လတ် ဆတ်သည့် ဟင်းသီးဟင်းရွက်များ စားသုံးမှုမှာလည်း ၂၀၂၂ ခုနှစ် နှင့်နှိုင်းယှဉ် ပါက ၂၀၂၃ ခုနှစ်တွင် ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

သူဇာဖြိုး

## ရုရှား-တရုတ် ကုန်သွယ်မှုတွင် အမေရိကန်ဒေါ်လာကို လုံးဝစွန့်လွှတ်ခဲ့

ရုရှားနှင့် တရုတ်တို့သည် စီးပွားရေး လုပ်ဆောင်ရာတွင် အမေရိကန်ဒေါ်လာကို လုံးဝနီးပါး ရှောင်ရှားခဲ့ကြပြီး အပြန်အလှန်ငွေပေးချေမှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို အမျိုးသားငွေ ကြေး များ ဖြ င့် ပြု လု ပ် ခဲ့ ကြ ကြောင်း၊ ရုရှား-တရုတ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် တက်ကြွစွာဖွံ့ဖြိုးတိုးတက်နေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး Mr. Sergey Viktorovich Lavrov က ပြောကြားခဲ့သည်။

စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိကြောင်း၊ တရုတ်ဈေးကွက်သို့ ရုရှားစိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုတိုးလာကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလုပ်ငန်းနယ်ပယ်များတွင် ပူးတွဲစီမံကိန်းများ အ ကော င် အ ထ ည် ဖော် လျ က် ရှိ ကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရုရှား-တရုတ်နယ်စပ်နှစ်ဘက်စလုံးအတွက် အပြန်အလှန်အကျိုး ကျေးဇူးများခံစားရကြောင်း နိုင်ငံခြားရေးဝန်ကြီးက အလေးပေးပြောကြားသည်။

ပိတ်ဆို့အရေးယူမှုများကြောင့် ရုရှားနှင့်တရုတ်ကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၂ ခုနှစ်မှ စတင်၍ အရှိန်အဟုန်ဖြင့် ကြီးထွားလာလျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် ရုရှားနှင့် တရုတ် ကုန်သွယ်မှု ပမာဏသည် ဒေါ်လာ ၂၄၀ ဘီလီယံရှိခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၆ ရာခိုင်နှုန်း ပိုများခဲ့ သည်။

ထို့အပြင် တရုတ်နိုင်ငံသည် ရုရှားရေနံကို အဓိကတင်သွင်းသူဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံ သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီမှ မတ်အတွင်း ရုရှားနိုင်ငံမှ ရေနံတန်ချိန် ၂၈ ဒသမ ၅၂၈ မီလီယံ တင် သွင်းခဲ့ပြီး ယခင်နှစ်ကာလတူထက် ၁၂ ဒသမ ၈၅ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ရုရှားသည် အာရှတွင် ကုန်သွယ်မှုလမ်းကြောင်းသစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး အီရန်နှင့်လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံများသည် ၎င်းတို့၏ ငွေပေးချေမှုတိုက်ရိုက်ဆောင်ရွက်နိုင်ရန် ရုရှား၏ ဘဏ္ဍာရေးစာတိုပေးပို့မှု စနစ်များနှင့် ချိတ်ဆက်ခဲ့ကြသည်။ ရုရှားနှင့် BRICS နိုင်ငံများကြား နိုင်ငံသုံးငွေကြေးများဖြင့် ငွေပေးချေမှုဝေစုသည် ပြီးခဲ့ သော ၂ နှစ်အတွင်း ၃ ဆတိုးလာပြီး ၈၅ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့သည်။

ခွန်မျိုးသူ

https://www.gazeta.ru/business/news/2024/04/22/22844588.shtml



စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊
ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊
ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်
တို့ကို လိုက်နာကျင့်သုံးပါ။

စာ-၃ မှ

စိုက်ပျိုးနိုင်ကြောင်း၊ ၎င်းသည် နိုင်ငံခြားဝင်ငွေ ရရှိသည့် သီးနှံဖြစ်ပြီး တောင်ကုန်းဒေသများတွင် ကောင်းမွန်စွာ စိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ၊ တောင်တန်းဒေသ၊ ကယားပြည်နယ်၊ ကချင် ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် အဓိကစိုက်ပျိုး ကြကြောင်း၊ ဒီဇင်ဘာလတွင် အဝါရောင် ပန်းနှမ်းစိုက်ခင်းများကို ရှမ်းပြည်နယ်မြောက်ပိုင်း နှင့် တောင်ပိုင်းဒေသများတွင် ရှမ်းတောင်တန်းများနှင့် အတူ လှပသော ပန်းချီကားတစ်ချပ်သဖွယ် တွေ့မြင်နိုင်ကြောင်းကို ၁.၅.၂၀၂၄ ရက်နေ့ထုတ် Global New Light of Myanmar သတင်းအရ သိရှိရပါသည်။

နှင်းရီဝင်း



# စားရေရိက္ခာဖူလုံရေးအတွက် မူဝါဒများ စီမံကိန်းများ စီမံဆောင်ရွက်နိုင်ရန် တိကျမှန်ကန်သော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အချက်အလက် ကိန်းဂဏန်း စာရင်းဇယားများလိုအပ်

နေပြည်တော်၊ မေ ၇

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့်အတူ မေ ၇ ရက်နေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသ ကြီး စိုက်ပျိုးရေးဦးစီးဌာန နှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့မှ ဒုတိယလက်ထောက်ဦးမှူးနှင့်အထက် အမှုထမ်း အရာထမ်းများအား ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး က ဆွေးနွေးပြောကြားရာ၌ ပြည်တွင်းစားသုံးဆီဖူလုံရေး အတွက် နိုင်ငံတော် အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မိမိတို့ဝန်ကြီးဌာနက ဆီထွက်သီးနှံ အထူးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စားရေရိက္ခာဖူလုံရေး အတွက် မူဝါဒများ၊ စီမံကိန်းများ စီမံ ဆောင်ရွက်နိုင်ရန် တိကျမှန်ကန်သော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အချက်အလက် ကိန်းဂဏန်း စာရင်းဇယားများလိုအပ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန နှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနများအနေဖြင့် မြေပြင်အမှန် စိုက်ဧက ၊ သီးနှံအမျိုးအစားများ စာရင်းများကောက်ယူခြင်း၊ သီးနှံထွက်ရှိချိန် ရိတ်သိမ်းဧကနှင့် ထွက်ရှိမှုပမာဏ တိတိကျကျ ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နည်းစနစ်များအတိုင်း စနစ်တကျ ကောက်ယူရန် ဖြစ်ကြောင်း ၊ အထောက်အထားပြည့်စုံခိုင်လုံသည့် ကိန်းဂဏန်း အချက်အလက် ဖြစ်စေရန်နှင့် တိကျမှန်ကန်သည့် စာရင်းဇယားဖြစ်စေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရာသီဥတုနှင့်အခြေအနေအမျိုးမျိုးကြောင့် သီးနှံပျက်စီးမှုများ ဖြစ်ပေါ်ပါက အချိန်နှင့်တပြေးညီ ကျိုးကြောင်းခိုင်လုံစွာ တင်ပြရန်လိုအပ်ကြောင်း၊ ၎င်းအပြင် အထောက်အထား အချက် အလက် မှန်ကန်ပြီး မိမိကောက်ယူပြုစုသည့် ကိန်းဂဏန်း စာရင်းဇယားအပေါ် တာဝန်ခံနိုင်ကြရန်လည်း လိုအပ်ကြောင်း ၊ မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကြောင့်နှင့်မျှ မိမိ၏စာရင်းဇယား လွဲချော်မှု မဖြစ်ရန်လိုကြောင်း၊ ကွင်းဆင်းဝန်ထမ်းများအနေဖြင့် စိုက်ဧကနှင့် သီးနှံအထွက်နှုန်း စာရင်းများကောက်ယူခြင်းသာမက တောင်သူများ၏ မျိုး၊မြေ၊ရေ၊နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးနိုင်ရေးကို တပါတည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့အတူ လယ်ယာမြေအသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေနှင့်အညီဖြစ်စေရေး ထိန်းကျောင်းကြပ်မတ်ခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများ၌ အများဆုံးကြုံတွေ့ နေရသည့် လယ်ယာမြေ အပေါ် ကျူးလွန်ဆောင်ရွက်မှုများအား တည်ဆဲ ဥပဒေ စည်းမျဉ်းစည်းကမ်းများ၊ ထုတ်ပြန်ထားသည့် SOP လုပ်ထုံး လုပ်နည်း နှင့်အညီ ထိထိ ရောက်ရောက် ဖြေရှင်းဆောင်ရွက်ရန် လိုကြောင်း၊ ဌာနပိုင်မြေနှင့် အဆောက်အအုံများငှါးရမ်းလုပ်ကိုင်နေမှုများကိုလည်း တာဝန်ရှိသူများက အခါအားလျော်စွာ စစ်ဆေးပြီး ငှားရမ်းရေးသဘောတူညီချက်အတိုင်း အသုံးပြုဆောင်ရွက်ရေး ထိန်းသိမ်းကြပ်မတ်ရန်နှင့် အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်သိက္ခာနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်များက လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားကြပြီး အမှုထမ်း အရာထမ်းများ ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး က ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI

# ပြည်ပဝယ်လိုအားကြောင့် ပြောင်းဈေးများမြင့်တက်လာ



ပြောင်းဈေးသည် မတ်လနောက်ဆုံးပတ်၌ တစ်ပိဿာလျှင် ၁၀၆၀ ကျပ်ဖြင့် မပြောင်းလဲဘဲ ရှိခဲ့ရာမှ ပြည်ပဝယ်လိုအား အနည်းငယ်တက်လာပြီးနောက် ပြောင်းဈေးသည် မေ ၃ ရက် နေ့တွင် တစ် ပိဿာလျှင် ၁၀၉၀ ကျပ်သို့ အနည်းငယ် မြင့်တက်လာခဲ့သည်။

မြန်မာ့ပြောင်းကို နယ်စပ်မှတစ်ဆင့် တရုတ်နှင့် ထိုင်းနိုင်ငံသို့ တင်ပို့ပြီး တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံများသို့ ပင်လယ်ရေကြောင်းလမ်းများမှ သင်္ဘောများဖြင့် တင်ပို့နေကြောင်း မြန်မာနိုင်ငံပြောင်းစက်မှုလုပ်ငန်းရှင်များ အသင်းထံမှ သိရသည်။ မြန်မာနိုင်ငံမှ ပြောင်းတင်သွင်းသည့် အဓိကနိုင်ငံ ဖြစ်သော ထိုင်းနိုင်ငံသည် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ပြောင်းဆံသွင်းကုန်များကို အကောက်ခွန်မဲ့ (Form-D) ဖြင့် လက်ခံသွားမည်ဖြစ်သည်။

သို့သော် ထိုင်းနိုင်ငံသည် ပြောင်းစိုက်ပျိုးရာသီတွင် ပြောင်းတင်သွင်းပါက ထိုင်းနိုင်ငံ ပြောင်းစိုက်ပျိုး သူများ၏ အခွင့်အရေးကို ကာကွယ်ရန်အတွက် ပြောင်းတင်သွင်းမှုအပေါ် အမြင့်ဆုံး အခွန် ၇၃ ရာခိုင်နှုန်း ချမှတ်ထားသည်။

တရုတ်နိုင်ငံသည်လည်း ဘိန်းအစားထိုး အစီအစဉ်ဖြင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုမှတဆင့် မြန်မာနိုင်ငံမှ ပြောင်းများကို ဝယ်ယူလျက်ရှိပါသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား တရားဝင် ပြောင်းရောင်းဝယ်ရေးသည် ၂၀၂၂ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပြောင်းတင်ပို့သည့် ကုမ္ပဏီ စုစုပေါင်း (၁၁၂)ခုကို ခွင့်ပြုထားသည်။ မြန်မာနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ ပြောင်းရာသီတွင် ပြည်ပကုန်သွယ်မှု မိတ်ဖက်များ ထံသို့ ပြောင်းတန်ချိန် ၂ သန်းကျော် တင်ပို့ခဲ့သည်။ အများစုကို ထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ့ပြီး ကျန်တင်ပို့သည့်နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြောင်းကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင် ပြည်နယ်တို့အပြင် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် ပြောင်းထွက်ရှိမှုမှာ တန်ချိန် ၂ ဒသမ ၅ မှ ၃သန်းအထိ ရှိသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

Global New Light of Myanmar

# ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

ကမ္ဘာ

မျိုးနွယ်






တစ်ဝန်းမှာ ဆီထွက်သီးနှံများဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီမုန်ညင်း၊ ပန်းနှမ်း နှင့် ဆီအုန်းတို့ကိုအဓိက စိုက်ပျိုးလျှက်ရှိပါတယ်။ ဆီထွက်သီးနှံများဖြစ်တဲ့ မြေပဲ၊ နှမ်းနှင့် နေကြာ တို့ကို မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးနှင့် ဧရာ ဝတီတိုင်းဒေသကြီး ၊ ပဲပုပ်နှင့် ပန်းနှမ်းတို့ကို ရှမ်းပြည်နယ်၊ ဆီမုန်ညင်းကို စစ်ကိုင်းတိုင်းဒေသကြီးရှိ နာဂဒေသနှင့် ရှမ်းပြည်နယ်၊ ဆီအုန်းကို တနင်္သာရီတိုင်းဒေသကြီးတို့တွင် အဓိက စိုက်ပျိုးလျှက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ လူတစ်ဦးဟာ တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ဆီ ၂.၂၅ ကျပ်သား စားသုံး လျှက်ရှိပါတယ်။ နှစ်စဉ်စားသုံးရန်နှင့် လုပ်ငန်းသုံးအတွက် စားသုံးဆီလိုအပ်ချက်၏ ၆၀-၇၀ % အထိ ပြည်ပမှ တင်သွင်းနေရပါတယ်။ နိုင်ငံတော်အကြီးအကဲက မိမိတို့နိုင်ငံကို ဆီတင်သွင်းသည့်နိုင်ငံအဖြစ်မှ ဆီတင်ပို့သည့်နိုင်ငံအဖြစ်သို့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက် ရေး လမ်းညွှန်ချက် ပေးထားပြီး ဖြစ်ပါတယ်။

ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် " မျိုး၊ မြေ၊ ရေ၊ နည်း" ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ လိုက်နာကျင့်သုံးရန် လိုအပ်ပါတယ်။ "မျိုးမှန်မှ ပျိုးသန့်မည်" ဆိုတဲ့ ဆိုရိုးအတိုင်း မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဟာ အထွက်နှုန်းကို ၁၀-၂၀ % ထိ တိုးတက် စေနိုင်ပါတယ်။ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်မည့် မျိုးကောင်းမျိုးသန့်များ ယခုထက်ပိုမိုစိုက်ပျိုးလာနိုင်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်သူများ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒေသရေမြေရာသီဥတု နှင့် ကိုက်ညီပြီး ပန်းတိုင်အထွက်နှုန်း ရရှိနိုင်မဲ့ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး အလေးပေးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်များကို ၃ နှစ် တစ်ကြိမ် မျိုးလဲလှယ်ပေး စိုက်ပျိုးသင့်ပါတယ်။

ဆီထွက်သီးနှံများဟာ နှစ်ပေါင်းများစွာ နှစ်စဉ် ဆက်တိုက် စိုက်ပျိုးလာခြင်းကြောင့် မျိုးရိုးဗီဇ မျိုးရောမှုများ ဖြစ်ပေါ်လျှက်ရှိရာ ယခုအခါ တောင်သူများ ပူးပေါင်းပါဝင်သော မျိုးရွေးချယ်ခြင်း၊ မျိုးမြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

သီးနှံအထွက်နှုန်းတိုးတက်စေရန် နေရာဒေသလိုက်၍မြေဆီလွှာ ထိန်းသိမ်းခြင်းနှင့် မြေဆီလွှာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စိုက်ခင်းမြေဆီလွှာတွင် အာဟာရဓာတ်လျော့နည်းခြင်းဟာ သီးနှံအထွက်နှုန်းကို ထိခိုက်စေနိုင်ပါတယ်။ မြေဆီလွှာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာမှာ သဘာဝမြေသြဇာများဖြစ်တဲ့ နွားချေး၊ ကြက်ချေး၊ တီကျစ်စာ စတဲ့ တိရစ္ဆာန်စွန့်ပစ်ပစ္စည်း အပါအဝင် သစ်ရွက်ဆွေး၊ ကောက်ရိုးဆွေး၊ ပဲမှော် စတဲ့ အပင်များရဲ့ ဘေးထွက်ပစ္စည်းများကို (Compost) ပြုလုပ်ပြီး ထည့်သွင်း အသုံးပြုပေးကြရမှာဖြစ်ပါတယ်။ဇီဝမြေသြဇာဟာ အပင်များ ရှင်သန်ကြီးထွားရေးအတွက် အကျိုးပြုသက်ရှိများနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့အတွက် မြေဆီလွှာအတွင်း စိမ့်ဝင်ပြီး အချိန်ယူ ပြုပြင်၍ မြေဆီသြဇာဓာတ်ကို အားဖြည့်ပေးနိုင်မှာဖြစ်ပြီး သီးနှံအထွက်နှုန်းကို တိုးတက်လာစေမှာ ဖြစ်ပါတယ်။

ဆီထွက်သီးနှံများအတွက် ပန်းတိုင်အထွက်နှုန်းရရှိစေရေး လိုအပ်သော အစိုဓာတ် ရရှိစေရန် သီးနှံပင် ရေလိုအပ်တဲ့အချိန်တွင် ရေပေးသွင်းခြင်း ဆောင်ရွက်ရန် ရေအရင်းအမြစ် (Water Resources) များ ရှိရန် လိုအပ်ပါတယ်။ ဆီထွက်သီးနှံများစိုက်ပျိုးရာမှာ ရေရရှိရေးအတွက် ရေရရှိနိုင်မည့် နည်းလမ်းများ (ဆည်မြောင်းရေ၊ မြစ်ရေတင်၊ မြေအောက်ရေ တင်၊ တောင်ကျရေ၊ ချောင်းပိတ်/မြောင်းပိတ်) ဖြင့် ရေပေးသွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ရေစုမြောင်းများ တူးဖော်ခြင်း၊ ရေစုကန်များ တည်ဆောက်ခြင်း များကိုလည်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တောင်ပေါ်ဒေသများရှိ တောင်စောင်းများ တွင် ရွှေ့ပြောင်းတောင်ယာစနစ်အစား ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ် (SALT Technology) နဲ့ မြေဆီလွှာတိုက်စားမှုကို လျော့နည်းစေခြင်း နှင့် ရေချွေတာထိန်းသိမ်းခြင်း (Water Saving) ကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

သင့်တော်သော စိုက်ပျိုးနည်းစနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်းဟာလည်း ဆီထွက် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အရေးပါသောကဏ္ဍတွင် ပါဝင်ပါတယ်။ ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိစေရေး စိုက်ပျိုးရေးဆိုင်ရာပညာရှင်များမှ စိုက်ပျိုး ထုတ်လုပ်သူ တောင်သူများထံသို့ နည်းပညာများ မျှဝေပေးရန် ဆောင်ရွက်ခြင်းကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံ အထူးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးပညာရှင်များမှ နည်းပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရေး Working Group များ ဖွဲ့စည်း၍ တောင်သူများလိုအပ်သော နည်းပညာအကူအညီများကို တောင်သူ့လက်ဝယ်အရောက် လက်တွေ့အသုံးချ နိုင်ရေး ပညာပေးဆွေးနွေးခြင်းများ ၊ အကျိုးဆောင်တောင်သူများအား နည်းပညာပေး သင်တန်းများ ပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် နည်းစနစ်များတွင် ဓာတ်မြေသြဇာများသုံးစွဲရာ၌ လေလွင့်ဆုံးရှုံးမှုနည်း စေရန် သဘာဝမြေသြဇာနှင့် ရောစပ်အသုံးပြုခြင်းနည်းပညာ၊ သစ်စိမ်းမြေသြဇာထည့်သွင်း အသုံးပြုခြင်းနည်းပညာ၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲခြင်းနည်းပညာ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းနည်းပညာ၊ ရေချွေတာသုံးစွဲခြင်းနည်းပညာ (Water Saving Technology) ၊ ရေအစက်ချစိုက်ပျိုးနည်းစနစ် ( Drip Irrigation) နှင့် ရေဖျန်းစနစ်စိုက်ပျိုး ခြင်း (Sprinkler Irrigation) နည်းပညာများကို လက်တွေ့ပြသဆောင်ရွက်ခြင်းဖြင့် တောင်သူ များ ကိုယ်တိုင် လက်တွေ့လိုက်နာကျင့်သုံးလာနိုင်စေရေး ကူညီပံ့ပိုးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေး နည်းပညာပေးရေးဝန်ထမ်းများဟာ တောင်သူလယ်သမားများကို နည်းပညာပေး ဆောင်ရွက်ရာမှာ မှန်ကန်မှုရှိရေးအတွက် နည်းပညာပိုင်းဆိုင်ရာကို အစဉ် အမြဲ ဆည်းပူးလေ့လာနေရမှာ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး အတွက် ပညာရှင်များမှ ICT နည်းပညာနဲ့ တောင်သူ နည်းပညာပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

စိုက်ပျိုးထုတ်လုပ်သူကိုယ်တိုင် မိမိစိုက်ပျိုးထားသော ဆီထွက်သီးနှံ၏ ပန်းတိုင် အထွက်နှုန်းရရှိစေရေး အလေးပေးဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိရန် လိုအပ်လှပါတယ်။ စိုက်ပျိုးထုတ်လုပ်သူများမှ မိမိစိုက်ပျိုးမဲ့ သီးနှံအတွက် သင့်တော်တဲ့ ရာသီဥတု၊ စိုက်ပျိုးချိန်၊ မြေအမျိုးအစား၊ သီးနှံပုံစံ၊ ရိတ်သိမ်းချိန်ကာလတွင် တစ်ကြောင်းမှတ်အပင်ဦးရေပြည့်မီ ရေး၊ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ လိုအပ်သည့်သွင်းအားစု ထည့်သွင်းခြင်း နည်းစနစ်မှန်ကန်စွာထည့်သွင်းခြင်း၊ သီးနှံအလေအလွင့် နည်းစေ ရန်နှင့် မှန်ကန်စွာ ရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်းချိန်လွန် နည်းပညာများ၊ စနစ်တကျ သန့်စင်ခြောက်လှေ့ အခြောက်ခံခြင်းများကို သိရှိလိုက်နာ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

စိုက်ပျိုးထွက်ရှိလာတဲ့ ဆီထွက်သီးနှံများအား ကုန်ကြမ်းထွက်ကုန်အဆင့်မှ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရေး၊ ဈေးကွက်ရရှိရေး အတွက် ကုန်သည်ကြီး များအသင်း၊လုပ်ငန်းရှင်များအသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဆီစက်လုပ်ငန်းရှင်များနှင့် ပူးပေါင်း

စာ - ၉ သို့

# မြေဆီလွှာကောင်းပြီး အထွက်နှုန်းနှင့် အရည်အသွေး တိုးစေတာ သဘာဝမြေဩဇာ




သီးနှံအတွက် ပိုးမွှားနှင့်ရောဂါများပြားလာမှုနှင့်အတူ သီးနှံထုတ်လုပ်မှုနှင့် အရည်အသွေး ကျဆင်းလာရသော အဓိကအကြောင်းတရားမှာ စိုက်ပျိုးရေးနည်းလမ်းများ မမှန်ကန်ခြင်းကြောင့်မြေဆီလွှာ၏ ထုတ်လုပ်နိုင်မှုစွမ်းအား လျော့နည်းလာခြင်းပင်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့ရေးကို စဉ်းစားလျှင် အချက်အလက်ပေါင်း များစွာကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သော်လည်း စိုက်ပျိုးသူကိုယ်တိုင်ထိန်းချုပ်နိုင်သော အဓိက အချက်အ လက်မှာ မြေဆီလွှာပင် ဖြစ်ပေသည်။ မြေဆီလွှာကောင်းမှ သီးနှံအထွက်တိုးပြီး တောင်သူလယ်သမားများ ဝင်ငွေတိုးပွားကာ လူနေမှုဘဝ မြင့်မားလာမည် ဖြစ်သည်။ မြေဆီလွှာကို ထိန်းသိမ်းနိုင်မှ သီးနှံအထွက်နှုန်းသည်လည်း ကာလကြာရှည်သည်အထိ နှစ်စဉ်မပျက်အမြဲတမ်း အထွက်တိုးနေမည်။ ထို့ကြောင့် မြေဆီလွှာကို မပျောက်မပျက်အောင် ထိန်းသိမ်းထားရမည်ဟု ဆိုရာတွင် မြေယာကို ပျောက်မသွားအောင် တနည်းအားဖြင့် မရောင်းမိအောင် ကြိုးစားရမည်ဖြစ်သကဲ့သို့ မြေဆီလွှာကိုမပျက်စီးရအောင် တနည်း အားဖြင့် စိုက်ပျိုးလို့မရနိုင်တော့သည့် မြေမျိုးမဖြစ်ရအောင် ထိန်းသိမ်းတတ်ရပေမည်။

မြေဆီလွှာသည် သဘာဝကပေးသော ဖျက်ဆီး၍မရနိုင်သည့် စွမ်းအားရှိသောအရာ ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မှု၏ ကောင်းမွန်သော သဘာဝအဖော်ဖြစ်သည်။ မြေဆီလွှာထဲတွင် သဘာဝအရပါဝင်သော ရှိရင်းစွဲ မြေအဆီအနှစ် (သို့) အာဟာရဓာတ်များ ပါဝင်နေ ပါသည်။ ထိုရှိရင်းစွဲအာဟာရဓာတ်များကို အကုန် သုံးပစ်၍ မဖြစ်ပါ။ သီးနှံတစ်မျိုး စိုက်ပျိုးရိတ်သိမ်းပြီးတိုင်း ထိုသီးနှံသည် မြေဆီလွှာထဲမှ အာဟာရဓာတ်များကို ထုတ်ယူသွား ပါသည်။ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုများလာသောအခါ မြေဆီလွှာအတွင်းမှ ရှိရင်းစွဲ အာဟာရဓာတ်များသည် တဖြည်းဖြည်း လျော့နည်းလာပြီး နှစ်ကာလကြာလာသည့်အခါ ကုန်ခမ်းလုနီးပါးဖြစ်လာသည်။ ထိုအခြေအနေတွင် ပြန်လည်ဖြည့်သွင်းခြင်းမရှိဘဲ ဆက် လက် စိုက်ပျိုးထုတ်လုပ်နေလျှင် လုံးဝကုန်ခမ်းသွားပြီး ပြန်လည်ပြုပြင်လို့ မရနိုင်သည့် အခြေအနေသို့ ရောက်ရှိသွားနိုင်ပါသည်။ ထို့ကြောင့် သဘာဝကပေးထားသော မြေဆီလွှာ အရင်းအမြစ်ကို မပျက်စီးခင် ကြိုတင်ထိန်းသိမ်းတတ်ဖို့ အလွန် အရေးကြီးပါသည်။

မြေဆီလွှာကို ထိန်းသိမ်းသည့် နည်းလမ်းများစွာ ရှိသည့်အနက် သဘာဝရှိရင်းစွဲ အာဟာရဓာတ်များကို ထိန်းသိမ်းနည်းသည် အဓိက အရေးကြီးပါသည်။ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ကြာမြင့်လာသည့်အခါ မြေဆီလွှာတွင်ရှိသော အာဟာရ ဓာတ်များ ကုန်ခမ်းလာသည့်အတွက် တောင်သူအခေါ်အဝေါ်အားဖြင့် မြေပန်းလာသည့်အတွက် အာဟာ ရဓာတ်များ ပြန်လည်ဖြည့်တင်းပေးရန် လိုအပ်ပါသည်။ ထိုသို့ ပြန်လည်ဖြည့်တင်းကြရာတွင် သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာများကို အသုံးပြုရမည်။ တောင်သူအများစုသည် သဘာဝမြေဩဇာအသုံးပြုမှု နည်း၍ ဓာတ်မြေဩဇာများကိုသာ အဓိကထားပြီး အသုံးပြုကြပါသည်။ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတို့ အကြား ကွဲပြားခြားနားမှု များစွာ ရှိပါသည်။ စိုက်ပျိုးထုတ်လုပ်မှု ရေရှည် တည်တံ့နိုင်စေရန်အတွက် ဓာတ်မြေဩဇာများနှင့်သဘာဝမြေဩဇာနှစ်မျိုးစလုံးကို မဖြစ်မနေ အသုံးပြုရပါမည်။

သဘာဝမြေဩဇာတွင် အဓိကအားဖြင့် အပင်အခြေခံသဘာဝမြေဩဇာနှင့်တိရစ္ဆာန် အခြေခံသဘာဝမြေဩဇာဟူ၍နှစ်မျိုးတွေ့ရပါသည်။ အပင်အခြေခံ သဘာဝမြေဩဇာများတွင် အပင်အကြွင်းအကျန်များဖြစ်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ နှမ်းရိုး၊ ပဲရိုး၊ သစ်ရွက်များ တို့ပါဝင်ပြီး ဝါကြိတ်ဖတ်၊ ပဲဖတ်၊ နှမ်း ဖတ် စသည့် စိုက်ပျိုးရေးဘေးထွက်ကုန်ပစ္စည်းများ၊ ဘောစကိုင်း၊ ညံပင်၊ ပိုက်ဆံလျှော်၊ ပဲမျိုးစုံ စသည့် သစ်စိမ်းမြေဩဇာများ၊ အပင်အကြွင်းအကျန်များကို ဆွေးမြေ့အောင် ပြုလုပ်ထားသည့် သစ်ဆွေးမြေဩဇာများ စသည်တို့ပါဝင်သည်။ ၎င်းတို့သည် အပင်ကြီးထွားမှုနှင့်မြေဆီလွှာရှင်သန်မှုတို့ကို ကူညီပေးသော အပင်အာဟာရဓာတ်များစွာကို ထောက်ပံ့ ပေးပါသည်။

တိရစ္ဆာန်အခြေခံသဘာဝမြေဩဇာများတွင် နွားချေး၊ ကြက်ချေး၊ လင်းနို့ချေး၊ ဆိတ် ချေး စသည့် တိရစ္ဆာန်ချေးများ၊ အရိုးမှုန့်၊ အသားများ၊ သွေးဖတ် စသည့် တိရစ္ဆာန်အကြွင်း အကျန်များတို့ ပါဝင်သည်။ ၎င်းတို့သည့် အပင်အခြေခံသဘာဝမြေဩဇာများထက် မြေဆီလွှာသို့ နိုက်ထရိုဂျင်ဓာတ်ကို ပိုမိုများပြားစွာ ထည့်ပေးသည်။

ဓာတ်မြေဩဇာများကို သီးနှံများအထွက်တိုးရေးအတွက် များပြားစွာ အသုံးပြုကြခြင်းမှာ ၎င်းတို့၏တုံ့ပြန်မှုသည် လျင်မြန်သောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ ဓာတ်မြေဩဇာထည့်လိုက်လျှင် အပင်ကြီးထွားမှု မြန်သည်။ အရွက်ဝါနေချိန် နိုက်ထရိုဂျင်ဓာတ်မြေဩဇာထည့်လျှင် အရွက်များ စိမ်းလာသည်။ ဓာတ်မြေဩဇာ၏ အပင်အပေါ် အကျိုးသက် ရောက်မှုသည် လျှင်မြန်ပြီး ထင်ရှားပါသည်။ သို့သော် ဓာတ်မြေဩဇာများကို ရေရှည် စွဲမြဲစွာ အသုံးပြုလျှင် မြေဆီလွှာ ပျက်စီးလာနိုင်သည်။ မြေဆီလွှာထဲတွင်ရှိသော သဘာဝ ရှိရင်းစွဲ အာဟာရဓာတ်များသည် လျော့ပါးလာမည်။ ထို့ကြောင့် ဓာတ်မြေဩဇာနှင့်တွဲ၍ သဘာဝမြေဩဇာများကို မဖြစ်မနေ အသုံးပြုရမည်။

သဘာဝမြေဩဇာများသည် ဓာတ်မြေဩဇာများကဲ့သို့ အကျိုးသက်ရောက်မှု ပြသခြင်း မမြန်သော်လည်း သဘာဝမြေဩဇာတွင်ပါဝင်သော အာဟာရဓာတ်များသည် တစ်ခါတည်းနှင့်မကုန်ဘဲ အပင်များကို ကာလကြာရှည်စွာ ထောက်ပံ့ပေးပါသည်။ ထို့အပြင် သဘာဝမြေဩဇာများသည် မြေတွင်းအစိုဓာတ်ကို ပိုမိုထိန်းသိမ်းနိုင်သည်၊ အပင်အမြစ်များ အ တွ က် လေ ဝ င် လေ ထွ က် ကောင်းစေသည်။ မြေဆီလွှာတိုက်စားမှုကို ခံနိုင်ရည် ရှိသည်။ မြေချဉ်ငန်ဓာတ်ကို ထိန်းပေးပါသည်။ ရေရှည်အသုံးပြုပါက အပင်အာဟာရဓာတ်များ တိုးပွားလာစေပါသည်။ တောင်သူလယ်သမားများအတွက် အဓိကအကျိုးပြုသည့်အချက်မှာ မြေဆီလွှာကို ရေရှည် ကောင်းမွန်အောင် ထိန်းသိမ်းထားပေး၍ သီးနှံအထွက်တိုးပြီး အရည်အသွေးကိုပါ ကောင်းမွန်စေပါသည်။

သဘာဝမြေဩဇာများကို စနစ်တကျ မှန်ကန်စွာအသုံးပြုတတ်လျှင် သီးနှံထုတ်လုပ် မှုတိုးတက်နိုင်သကဲ့သို့ သီးနှံထွက်ကုန်၏ အရည်အသွေးကိုလည်း မြှင့်တင်နိုင်ပါသည်။ ထို့ကြောင့် အထွက်နှုန်းရော အရည်အသွေးပါ တိုးတက်လာသည့်အတွက် တောင်သူလယ်သမားများ၏စီးပွားရေးတွက်ခြေကိုက်မှု မြင့်မားလာပြီး လူနေမှုဘဝ များလည်း အဆင့်မြင့်လာနိုင်သည်။ တောင်သူလယ်သမားဦးကြီး များအနေဖြင့်မြေဆီလွှာ ရေရှည်ကောင်းမွန်စေရန် ဓာတ်မြေဩဇာတစ်မျိုးတည်းမသုံးဘဲ သဘာဝမြေဩဇာများကိုပါ တွဲဖက် အသုံးပြုနိုင်အောင် ကြိုးစားသင့်ကြပါသည်။

**စိုးမိုးဝင်း (စိုက်ပျိုးရေး)**

စာ-၈ မှ

၍ စား သုံး ဆီ ထု တ် လု ပ် ဖြ န့် ဖြူး ရောင်းချခြင်းလုပ်ငန်းများကို အဆင့်မြှင့်တင်ခြင်း၊ ဆီစက်များ အဆင့်မြှင့်တင်ခြင်းနှင့် ကြိတ်ခွဲထွက်ရှိလာသော ဆီကြိတ်ဖတ်များအား စိုက်ပျိုးရေးလုပ်ငန်းများနှင့် တိရစ္ဆာန်အစာအတွက် ပြန်လည်အသုံးချခြင်းလု ပ် င န်း များ ကို ဆ က် စ ပ် အ ဖွဲ့ အစည်းများနဲ့ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဆီထွက်သီးနှံများကို နယ်မြေအလိုက် အထူးဇုန်များသတ်မှတ်၍ဇုန်တာဝန်ခံများ သီးခြားတာဝန်ပေးအပ်ခြင်း၊ ဦးစီးစနစ်ဖြင့် စစ်ဆေးမှုလုပ်ငန်းဆောင်ရွက်နိုင်ရန် စစ်ဆေးကြီးကြပ်သူ ထားရှိပြီး အောင်မြင်အောင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထက်အဆင့်ဆင့် အကြီးအကဲများ၏ လမ်းညွှန်မှု၊ စိုက်ပျိုးရေးဦးစီးဌာနရှိ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၏ ကြီးကြပ်မှု၊ မိတ်ဖက်ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ (Private Sector) နှင့် စိုက်ပျိုးထုတ်လုပ်သူများမှ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်မ ယ် ဆို ရ င် ဆီ ထွ က် သီး နှံ များ ပန်းတိုင် အထွက်နှုန်း ရရှိလာနိုင်မှာဖြစ်တဲ့အတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါတယ်။

**မျိုးနွယ်**

(ယခင်အပတ်မှအဆက်)




# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၄)

ဒေါက်တာမျိုးကြွယ်

**(ခ) ကက်ဆယ်တက္ကသိုလ်၊ ဂျာမနီနိုင်ငံ (The University of Kassel, Germany)**

ကက်ဆယ်တက္ကသိုလ်သည် ကျွန်တော် ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဂျာမနီနိုင်ငံတွင် ပါရဂူဘွဲ့သင်တန်းအတွက် တက်ခဲ့ရသောတက္ကသိုလ် ဖြစ်ပါသည်။ ၁၉၇၁ ခုနှစ်တွင်မှ ကက်ဆယ်မြို့တွင် စတင်တည်ထောင်ခဲ့သောတက္ကသိုလ်တွင် မဟာဌာနပေါင်း (၈) ခု (Eight Faculties) နှင့် အဆင့်မြင့်ကျောင်းတစ်ကျောင်း(One School) ရှိပါသည်။

(၁) သြဂဲနစ်စိုက်ပျိုးရေးသိပ္ပံများမဟာဌာန (Faculty of Organic Agricultural Science)

(၂) လူမှုရေးသိပ္ပံမဟာဌာန (Faculty of Social Sciences)

(၃) ဗိသုကာ၊ မြို့ပြစီမံကိန်းနှင့် ရှုခင်းစီမံကိန်းများမဟာဌာန (Faculty of Architecture, Urban Planning and Landscape Planning)

(၄) စီးပွားရေးနှင့်စီမံခန့်ခွဲမှုမဟာဌာန (Faculty of Economics and Management)

(၅) သင်္ချာနှင့်သဘာဝသိပ္ပံများမဟာဌာန (Faculty of Mathematics and Natural Sciences)

(၆) မြို့ပြနှင့်ပတ်ဝန်းကျင်အင်ဂျင်နီယာ မဟာဌာန (Faculty of Civil and Environmental Engineering)

(၇) စက်မှုအင်ဂျင်နီယာမဟာဌာန (Faculty of Mechanical Engineering)

(၈) လျှပ်စစ်အင်ဂျင်နီယာနှင့် ကွန်ပျူတာသိပ္ပံပညာ မဟာဌာန (Faculty of Electrical Engineering and Computer Science) နှင့် ဝိဇ္ဇာ၊ အနုပညာနှင့်ဒီဇိုင်းဆိုင်ရာ အဆင့်မြင့်ကျောင်း (School of Arts and Designs) တို့ဆိုပြီး ရှိပါသည်။

စိုက်ပျိုးမွေးမြူရေးပညာ မဟာဌာနက ကတ်ဆယ်မြို့နှင့် ၃၃ ကီလိုမီတာ (မိုင် ၂၀ ခန့်) ဝေးကွာသော ဝတ်ဆင်ဟောင်ဆင်မြို့ (Witzenhausen) ကလေးတွင်ရှိပါသည်။

ဌာနများမှာ...

(က)မြေဆီလွှာနှင့်သီးနှံသိပ္ပံများအုပ်စု (Soil and Crop Sciences Group)

(က-၁) စိုက်ပျိုးရေးဆိုင်ရာဂေဟဗေဒစနစ်နှင့်ပုံစံထုတ်ခြင်းဌာန (Agroecosystems Analysis and Modelling Dept.)

(က-၂) စိုက်ပျိုးရေးနည်းပညာဌာန (Agricultural Technology Dept.)

(က-၃) မြေဆီလွှာဇီဝဗေဒနှင့် အဟာရဗေဒဌာန (Soil Biology and Plant Nutrition Dept.)

(က-၄) မြေဆီလွှာသိပ္ပံဌာန (Soil Science Dept.)

(က-၅) မြက်ခင်းပြင်သိပ္ပံနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဌာန (Grasslands Science and Renewable Resources Dept.)

(က-၆) သြဂဲနစ်စိုက်နည်းစနစ်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးဌာန (Organic Farming and Crop Production Dept.)

(က-၇) အပူပိုင်းနှင့်အပူလျော့ပိုင်းဒေသ သြဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းနှင့်စိုက်ပျိုးရေးဂေဟစနစ် သုတေသနဌာန (Organic Crop Production and Agroecosystem Research in the Tropics and Sub-Tropics Dept.) (ဤဌာနပါမောက္ခဆရာတစ်ဦးထံမှ ဒေါက်တာစိုးစိုးသိန်း၊ ကျွန်တော်၊ ဒေါက်တာသင်းနွယ်ထွေး၊ ဒေါက်တာဖြူသော်ထွန်းတို့ ပါရဂူဘွဲ့ရခဲ့ပါသည်။ မြန်မာများအပေါ် အလွန်သံယောဇဉ်ကြီးလွန်းသော ကျွန်တော့်ဆရာပါမောက္ခ ဒေါက်တာ အင်ဒရီယာဘူးကဝ် (Professor Dr. Andreas Buerkert) ပါ)

(က-၈) သြဂဲနစ်ဆိုင်ရာသီးနှံကာကွယ်ရေးဌာန (Ecological Crop Protection Dept.) (ဤဌာနမှ ဒေါက်တာတင်အေးအေးနိုင် ပါရဂူဘွဲ့ရခဲ့ပါသည်)

(က-၉) သြဂဲနစ်ဆိုင်ရာအပင်မျိုးမွေးမြူရေးနှင့်ဇီဝမျိုးစုံထိန်းသိမ်းရေးဌာန (Organic Plant Breeding and Agrobiodiversity Dept.)

(က-၁၀) ပတ်ဝန်းကျင်ဆိုင်ရာဓာတုဗေဒဌာန (Environmental Chemistry Dept.) တို့ ဖြစ်ပါသည်။

(ခ) မွေးမြူရေးသိပ္ပံ (Livestock Science Group) အုပ်စု မြန်မာ ကျောင်းသား၊ ကျောင်းသူများ မရောက်ရှိ မသင်ကြားရသေးပါ။

(ခ-၁) တိရစ္ဆာန်များ၏အပြုအမူနှင့် တိရစ္ဆာန်မွေးမြူရေးဌာန(Animal Ethology and Animal Husbandry Dept.)

(ခ-၂) ပတ်ဝန်းကျင်ကောင်းမွန်စေသောမွေးမြူရေးဆိုင်ရာအာဟာရဗေဒဌာန (Environmentally Friendly Animal Nutrition Dept.)

(ခ-၃) အပူပိုင်းနှင့်အပူလျော့ပိုင်းဒေသရှိတိရစ္ဆာန်များမွေးမြူရေးဌာန (Animal Husbandry in the Tropics and Sub-Tropics Dept.)

(ခ-၄) သမပိုင်းအတွက်မွေးမြူရေးပညာဌာန (Temperate Animal Husbandry Dept.) စသည်တို့ဖြစ်ပါသည်။

(ဂ) စီးပွားရေး၊ လူမှုရေးနှင့် အစားအသောက်သိပ္ပံများအုပ်စု (Economics, Social and Food Sciences Group)

(ဂ-၁)စိုက်ပျိုးမွေးမြူရေးနှင့်အစားအသောက်ဈေးကွက်ပညာဌာန (Agricultural and Food marketing Dept.)

(ဂ-၂) စီမံအုပ်ချုပ်မှုပညာဌာန (Business Administration Dept.)

(ဂ-၃)အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးမူဝါဒနှင့်ပတ်ဝန်းကျင်ဆိုင်ရာအုပ်ချုပ်မှုဌာန (International Agricultural Policy and Environmental Governance Dept.) (ဤဌာနမှ ဒေါက်တာချိုချိုစံ ဘွဲ့ရခဲ့ပါသည်)

(ဂ-၄) အပြည်ပြည်ဆိုင်ရာ အစားအသောက်လုပ်ငန်းစီမံခန့်ခွဲမှုဌာန (Management in the International Food Industry Dept.)

(ဂ-၅) သြဂဲနစ် အစားအသောက်ဆိုင်ရာအရည်အသွေးနှင့်အာဟာရဆိုင်ရာယဉ်ကျေးမှုဌာန (Organic Food Quality and Nutritional Culture Dept.)

(ဂ-၆) လူမှုပတ်ဝန်းကျင်ဆက်စပ်မှုဆိုင်ရာစိုက်ပျိုးရေးစနစ်ဌာန (Socio-ecological Interactions in Agricultural Systems Dept.)

(ဂ-၇) ကျေးလက်ဒေသလူမှုရေးပညာဌာန (Sociology of Rural Areas Dept.) တို့ဖြစ်ပါသည်။

တက္ကသိုလ်မှာ ၂၁ ဌာန ရှိပြီး ဆရာ ဆရာမ ဝန်ထမ်း ၂၅၀ ဦးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကျောင်းသား ၁၂၀၀ ဦးခန့် ရှိပါသည်။

ဘွဲ့ကြိုသင်တန်းများမှာ - (ဂျာမန်လိုသင်ကြားသည့်စနစ်နှင့် အင်္ဂလိပ်လိုသင်ကြားသည့်စနစ်)

(က) စိုက်ပျိုးမွေးမြူရေးပညာဘွဲ့ (သြဂဲနစ်စိုက်ပျိုးရေး) – B.Sc. (Organic Farming)

(ခ) စိုက်ပျိုးရေးဘွဲ့ (အထူးပြုဘာသာရပ်နှစ်မျိုးတက်ရန် အခွင့်အရေးရှိ) – B.Sc. (Dual Degree in Agriculture) စသည်တို့ဖြစ်ပါသည်။

ဘွဲ့လွန် မဟာသိပ္ပံ သင်တန်းများမှာ -

(က) မဟာသိပ္ပံ - သြဂဲနစ်စိုက် ပျိုးရေး (M.Sc. Organic Agriculture) မြန်မာနိုင်ငံ စိုက်ပျိုးရေး ဦးစီးဌာနမှ ဒေါ် မြတ်သူမိုး တက်ရောက်ဘွဲ့ရရှိခဲ့ပါသည်။

(ခ) မဟာသိပ္ပံ - အပြည်ပြည်ဆိုင်ရာရေရှည်တည်တံ့ခိုင်မြဲစေသော စိုက်ပျိုးရေး (M.Sc. International Sustainable Agriculture) ကတ်ဆယ်တက္ကသိုလ် (The University of Kassel) နှင့် ဂူတင်ဂန် တက္ကသိုလ် (The University of Gottingen) ပူးတွဲဖွင့်လှစ်ခြင်းဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများမှာ

စာ-၁၃ သို့




## ဆန်

ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသော ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်း အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၉၁၀၀၀ကျပ်နှုန်း နှင့်အောက်စတစ်တင်းခွဲ တစ်အိတ်လျှင် ၉၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဧည့်မထ ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၇၇၀၀၀ကျပ်နှုန်းနှင့်အောက်စတစ်အိတ်လျှင် ၇၆၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ငစိန်ဆန်အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၁၀၀၀ ကျပ်နှုန်းနှင့်အောက်စတစ်အိတ်လျှင် ၇၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း အသီးသီးရောင်းဝယ်လျက်ရှိသည်။ ပြည်တွင်းစားသုံးသောဆန်အမျိုးအစားများမှာ ယခင်အပတ်ဈေးနှုန်းများဖြင့်သာဈေးအမြင့်တွင်တည်ငြိမ်နေပြီး ပြည်ပတင်ပို့မှုများသော ဧည့်မထနှင့်ငစိန်ဆန်အမျိုးအစားများမှာ ပြည်ပ ဝယ်လက်များမှ ဈေးနှိမ့်ဝယ်ယူမှုရှိခြင်းကြောင့် ယခင်အပတ်ထက်အနည်းငယ်ဈေးနိမ့်လာခဲ့သည်။ ပြည်တွင်းစားသုံးမှုများသော ဆန်အမျိုးအစားများမှာ လျှပ်စစ်မီးအခက်အခဲကြောင့် ကြိတ်ခွဲရရှိမှုနည်းကာ ဈေးကွက်သို့ ဆန်ဝင်ရောက်မှု နည်းခြင်း၊ သယ်ယူပို့ဆောင်စရိတ်များဈေးမြင့်နေခြင်း၊ ဝယ်လိုအားပုံမှန်သာရှိခြင်းတို့ကြောင့် အရောင်းအဝယ်အေးသော်လည်း ဈေးနှုန်းအမြင့်တွင်သာ ဆက်လက်တည်ရှိနေခဲ့ခြင်းဖြစ်သည်။ ပြည်ပတင်ပို့မှုရှိသော ဧည့်မထနှင့်ငစိန်ဆန်အမျိုးအစားများမှာ ဈေးကွက်သို့ အရည်အသွေး အနိမ့်စများလည်း ဝင်ရောက်ခြင်း၊ ပြည်ပဝယ်လက်များမှ ဈေးနှိမ့်ဝယ်ယူမှုရှိခြင်းတို့ကြောင့် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀မှ ၂၀၀၀ ခန့်ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ လက်လီဈေးကွက်တွင်မူ ဖော်ပြပါ ဆန်ဈေးနှုန်းများထက် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀မှ ၅၀၀၀၀ ခန့်အထိ ဆန်အမျိုးအစား ပေါ်မူတည်၍ ဈေးမြင့်ကွာဟလျက်ရှိသည်။လက်လီဈေးကွက်တွင် ဆန်တစ်ပြည်လျှင် ဈေးနှုန်းအနိမ့်ဆုံး ၃၅၀၀ ကျပ်ဝန်းကျင်ဖြစ်ပြီး အမြင့်ဆုံးမှာ ၈၀၀၀ ကျပ်ဝန်းကျင် ဖြစ်သည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၈ ခုရှိ အသင်းဝင်ဆန်လက်လီဆိုင် ၅၈ဆိုင်တွင် ဧည့်မထ ဆန်တစ်ပြည်လျှင် ၃၃၀၀ ကျပ်နှုန်းဖြင့် ၁၆-၂-၂၀၂၄ မှစတင်ကာ အပတ်စဉ် သောကြာ၊ စနေ၊တနင်္ဂနွေနေ့များတွင်ရောင်းချပေးလျက်ရှိသည်။ ၎င်းဧည့်မထ ဆန်အား စားသုံးသူများမှ ကြိုက်နှစ်သက်မှုနည်းကာ အရောင်းအဝယ် အေးလျက်ရှိကြောင်းလည်း သိရသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊မော်ကျွန်း၊ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု နည်းခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့အကောက်ခွန်လွတ်တင်သွင်းခွင့်ရသော ကာလ ဖြစ်ခြင်း၊ နယ်စပ်ဂိတ်များမှ တင်ပို့ရာတွင် နယ်မြေမတည်ငြိမ်ခြင်းနှင့် သယ်ယူပို့ဆောင် စရိတ်များ ဈေးမြင့်နေခြင်းတို့ကြောင့် ပင်လယ်ရေကြောင်းမှ တင်ပို့မှုများလာခြင်း၊ ထိုင်းနယ်စပ်တွင် ပြောင်းဈေးအနည်းငယ်မြင့်လာခြင်းတို့ကြောင့် ယခင်အပတ်ထက် အနည်းငယ်ဈေးမြင့်လာခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင်ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၅၇၇၈၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၅၈၈၆၀ ကျပ်ဖြစ်သည်။ ထိုင်း၊ ဖိလစ်ပိုင်၊ အိန္ဒိယနိုင်ငံ များသို့ ပင်လယ်ရေကြောင်းမှ တင်ပို့မှုရှိပြီး နယ်စပ်ဂိတ်အချို့မှလည်းအနည်းငယ်တင်ပို့မှုရှိခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံသို့ အခွန်လွတ်တင်သွင်းခွင့်ရှိသော ကာလမှာ ဖေဖော်ဝါရီမှ ဩဂုတ်အထိဖြစ်သည်။ ယခုအခါ ထိုင်းနိုင်ငံသို့ အစေ့ထုတ်ပြောင်းတင်ပို့ရာတွင် ရန်ကုန်မှ ထိုင်းနိုင်ငံ၊ ရနောင်းမြို့သို့ သင်္ဘောများဖြင့် တင်ပို့ရခြင်းဖြစ်သည်။ များမကြာမီ မိုးရာသီသို့ ရောက်လာမည် ဖြစ်၍ရေလမ်းခရီးမှ တင်ပို့မှုတွင် အခက်အခဲများလည်း ဖြစ်ပေါ်လာနိုင်ကြောင်းသိရသည်။ သင်္ဘောဖြင့်တင်ပို့ရာတွင် ကုန်တင်ရန်စောင့်ဆိုင်းရခြင်း၊ လမ်းခရီးတွင် ကြာမြင့်ချိန်များခြင်း၊ မိုးလေကင်းလွတ်ရန် စီမံရခြင်း၊ကုန်ပစ္စည်းချရန်ကြာချိန်ရှိခြင်းတို့ကြောင့် ထိုင်းနိုင်ငံသို့ အစေ့ထုတ်ပြောင်းများအား ရောင်းချနိုင်ရန် ရက်အနည်းငယ် သာကျန်ရှိကြောင်းသိရှိရသည်။

## ပဲမျိုးစုံ

ပဲမျိုးစုံ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲ ကာလဖြစ်သောကြောင့် ပဲမျိုးစုံဈေးနှုန်းများ ကျဆင်းတည်ငြိမ်စေရန် အိန္ဒိယအစိုးရက စောင့်ကြည့်ထိန်းချုပ်မှုများရှိခဲ့ခြင်း၊ နွေစိုက်မတ်ပဲသစ်အချို့ ဈေးကွက်သို့ ဝင်ရောက်မှုရှိခြင်းတို့ကြောင့် မတ်ပဲဈေးနှုန်းများကျဆင်းမှု ရှိလာချိန်ဖြစ်သည်။ မြန်မာပြည်တွင်း၌လည်း ပဲ၊ နှမ်းပို့ကုန်လိုင်စင်ခွင့်ပြုမိန့်ရရှိရန် စောင့်ဆိုင်း ရမှုများရှိခြင်း၊ သယ်ယူစရိတ်နှင့်သိုလှောင်စရိတ်များ ပိုမိုကုန်ကျမှုရှိလာခြင်း၊ ယင်းကြောင့် တွက်ချေကိုက်စေရန် တောင်သူများထံမှပဲများအားပေါက်ဈေးထက်နှိမ့်ကာ ဈေးထိန်းဝယ်ယူမှုများရှိခြင်းတို့ဖြစ်ပေါ်ခဲ့ပြီးမတ်ပဲ(သဘော်တင်) ဈေးနှုန်း များ ယခင်အပတ်ထက်ဈေးနိမ့်လာခဲ့သည်။ မတ်ပဲ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၃၁၃၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၃၁၂၁၀၀၀ ကျပ်ဖြစ်သည်။ ပဲစင်းငုံ (သဘော်တင်)မှာမူ အိန္ဒိယအစိုးရ၏ စောင့်ကြည့်ထိန်းချုပ်မှုများရှိခဲ့သော်လည်း ပဲလိုအပ်ချက်များနေသေးခြင်း၊ မြန်မာပြည်တွင်း၌လည်း ပဲလက်ကျန်နည်းချိန် ဖြစ်ခြင်း၊ လှောင်လက်များ လက်တွင်သာ ပဲရှိခြင်းတို့ကြောင့် ယခင်အပတ်ထက် ဆက်လက်ဈေးမြင့်လာခဲ့သည်။ ပဲစင်းငုံ (သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ဈေးနှုန်း ၄၀၄၀၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၀၅၀၀၀၀ ကျပ်ဖြစ်သည်။ ယခုရက်သတ္တပတ်အတွင်းမတ်ပဲ(သဘော်တင်)မှာ ကုန်သေတ္တာ ၃၅ လုံးခန့်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲစင်းငုံ(သဘော်တင်)မှာအရောင်းအဝယ်ဖြစ်မှုမရှိသလောက်နည်းခဲ့ကြောင်းသိရသည်။ ပဲတီစိမ်းဝါမှာ ပြည်ပ ဝယ်လက်များမှ အရောင်းအဝယ်အေးခြင်းကြောင့်လည်းကောင်း၊ ထောပတ်ပဲ၊ ပဲပုပ်၊ ဘိုကိတ်ပဲနှင့် ကုလားပဲများမှာ ရောင်းလိုအား၊ ဝယ်လိုအားမျှနေခြင်းကြောင့်လည်းကောင်း၊ ယခင်အပတ်ဈေးနှုန်းများ ဖြင့်သာဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ပဲတီစိမ်းဝါ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၁၉၉၈၀၀ ကျပ်ဖြစ်ပြီး ထောပတ်ပဲ ၃တင်း / ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၃၀၇၈၀၀ ကျပ်ဖြစ်သည်။ ပဲပုပ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၁၉၀၉၅၀ ကျပ်ဖြစ်ပြီး ဘိုကိတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင်ပျမ်းမျှဈေးနှုန်းမှာ ၂၁၀၀၀၀ ကျပ် ဖြစ်သည်။ ကုလားပဲ တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်း မှာ ၄၂၉၀ ကျပ်ဖြစ်သည်။ ပဲလွမ်းဖြူမှာ စိုက်ပျိုးမှုနည်းသော ပဲအမျိုးအစားဖြစ်ခြင်း၊ အရည်အသွေးကောင်းခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်အပတ် ထက်ဆက်လက်ဈေးမြင့်လာခဲ့သည်။ ပဲလွမ်းဖြူ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၀၆၅၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၀၇၆၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သော နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ်အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ မေ ၆ ရက်မှ ၁၂ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၂၂၀ ကျပ်ဖြစ်ပြီး ယခင်အပတ်ဈေးနှုန်းမှာလည်း ၅၂၂၀ကျပ်ပင်ဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသောဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာ မကွာသောဈေးနှုန်းများဖြင့် စားအုန်းဆီများအား ရောင်းချ ပေးလျက်ရှိသည်။

**အေးသန္တာဝင်း**




## ဆန်

မန္တလေး ကိုင်းတန်းဈေးတွင် ရန်ကုန်ပေါ်ဆန်းမှာ အဝင်ပုံမှန် ၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်တင်းခွဲတစ်အိတ် ၁၃၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ရွှေဘိုပေါ်ဆန်းမှာ အဝင်နည်းသွားပြီး မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် ယခင်အပတ် ၁၅၀၀၀၀ ကျပ် မှ ၁၅၅၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ မနောသုခဆန်မှာ မိုးစပါးစိုက်ချိန်နီးပြီး လက်ကျန် နည်းခြင်း ၊ မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၉၂၀၀၀ ကျပ် မှ ၉၄၀၀၀ ကျပ် သို့ ဈေးမသိမသာမြင့်သွားသည်။ ဧယာဆန်နှင့် ငစိန်ဆန်မှာ လက်ကျန်နည်းသော်လည်း လုပ်ငန်းသမား အဝယ်နည်းခြင်းကြောင့် တစ်အိတ် ၈၈၀၀၀ ကျပ် မှ ၈၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး ဧယာဆန်မှာ အဝင်ပုံမှန် ၊ စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၈၈၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဧရာမင်းဆန်မှာ အဝင်ပုံမှန် ၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဆီထွက်သီးနှံ

မန္တလေးပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် မြေပဲ(လုံးဆံ/ဆီဆံ) ဈေးနှုန်းမှာ ဆောင်းလက်ကျန်နည်းသွားပြီး မိုးပဲစိုက်ရန် ပြင်ဆင်ချိန်ဖြစ်ခြင်း၊လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၁၀၀ ပိဿာ ၇၃၀၀၀၀ ကျပ် မှ ၇၅၀၀၀၀ ကျပ်ဖြင့် ပုံမှန်ရောင်းဝယ်မှုရှိသည်။ မြေပဲ(ဆီဆံ)မှာ ဆီစက်သမား အဝယ်နည်းခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ယခင်အပတ် ၁၀၀ ပိဿာ ၆၅၀၀၀၀ ကျပ် မှ ၆၀၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းဖြူမှာ ဆောင်းနှမ်းလက်ကျန်နည်းခြင်း ၊ နွေနှမ်းမဝင်သေးခြင်း ၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ ပိဿာ အရည်အသွေးအကောင်းဆုံး ၃၈၅၀၀၀ ကျပ် မှ ၃၉၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး နှမ်းညိုမှာလည်း လက်ကျန်နည်းသော်လည်း ဆီစက်သမား အဝယ်နည်းခြင်းကြောင့် ၄၅ ပိဿာ ၃၀၅၀၀၀ ကျပ် မှ ၃၁၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး နှမ်းနက်မှာလည်း တရုတ်ဝယ်လက်နည်းသော်လည်း လက်ကျန်နည်းခြင်းကြောင့် ၄၅ ပိဿာ ၄၀၅၀၀၀ ကျပ် မှ ၄၁၀၀၀၀ ကျပ်သို့ မသိမသာ ဈေးမြင့်သွားသည်။ ပန်းနှမ်းဈေးနှုန်းအနေဖြင့် အဝင်ပုံမှန် ၊ ရောဆီသမား၊ ဘယဆေးသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ ပိဿာ ၂၀၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နေကြာဈေးနှုန်းအနေဖြင့် ဆောင်းလက်ကျန်နည်းခြင်း ၊ မိုးနေကြာစိုက်ရန် ပြင်ဆင်ချိန်ဖြစ်ခြင်းတို့ကြောင့် ဆီစက်သမားအဝယ်နည်းသော်လည်း ၂၇ ပိဿာ ၁၀၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံ

မန္တလေး ကိုင်းတန်းဈေးတွင် ငရုတ်ခြောက်(ရှည်)များ မြင်းမူ ၊ ကျောက်ဆည်၊ မတ္တရာမှ ဝင်ရောက်ခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၈၀၀၀ ကျပ် မှ ၁၀၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ ကြက်သွန်နီများ ဒေသစုံမှ ဝင်ရောက်ပြီး (ကြီး) တစ်ပိဿာ ၂၃၀၀ ကျပ် ၊ (လတ်) တစ်ပိဿာ ၂၀၀၀ ကျပ် ၊ (သေး) တစ်ပိဿာ ၁၇၀၀ ကျပ်ဖြင့် မြို့တွင်းသုံးနှင့် လားရှိုး ၊ ဗန်းမော် ၊ ကောလင်းသို့ ရံဖန်ရံခါ တင်ပို့မှုရှိသည်။ ရွှေဘိုဘက်မှ ကြက်သွန်ဖြူ(မြန်မာ)များ အဝင်များပြီး အရည်အသွေးပေါ်မူတည်၍ တစ်ပိဿာ ၈၀၀၀ ကျပ် မှ ၁၂၀၀၀ ကျပ် ၊ ရှမ်းကြက်သွန်ဖြူမှာ အရည်အသွေးပေါ်မူတည်၍ တစ်ပိဿာ ၆၀၀၀ ကျပ် မှ ၈၅၀၀ ကျပ်ဖြင့် ရောင်းဝယ်နေပြီး တရုတ်ကြက်သွန်ဖြူမှာ အဝင်နည်းခြင်းကြောင့် မြို့တွင်းသုံးသာရှိသော်လည်း တစ်ပိဿာ ၁၁၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ အာလူးဈေးနှုန်းအနေဖြင့် ဘန့်ဘွေးဘက်မှ ဝင်ရောက်ပြီး တစ်ပိဿာ ၁၈၀၀ ကျပ်ဈေးဖြင့် မြို့တွင်းသုံးဝယ်ယူမှုများသည်။ ချင်းဈေးနှုန်းမှာ ပင်ရင်းဒေသမှ ပြည်ပပို့ရန် ဝယ်ယူမှုရှိခြင်းကြောင့် ပင်ရင်းဈေးမြင့်သဖြင့် တစ်ပိဿာ ၈၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ပဲမျိုးစုံ

မန္တလေး ပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် မတ်ပဲဈေးနှုန်းမှာ ရန်ကုန်ဝယ်လက်နည်းခြင်း ၊ လက်ကျန် အရည်အသွေးညံ့သွားခြင်းကြောင့် ၃ တင်းတစ်အိတ် ယခင်အပတ် ၂၉၃၀၀၀ ကျပ် မှ ၂၉၀၀၀၀ ကျပ် သို့ ဈေးနိမ့်သွားသည်။ ယခုအပတ် ပဲတီစိမ်းလက်ကျန်နည်းခြင်း၊ မိုးအတွက် ပြင်ဆင်ချိန်ဖြစ်၍ ပစ္စည်းရှားခြင်းကြောင့် ၃ တင်းတစ်အိတ် ၁၅၅၀၀၀ ကျပ် မှ ၁၈၅၀၀၀ ကျပ် သို့ ဈေးမြင့်သွားပြီး ပဲတီစိမ်း(ခရမ်း) လက်ကျန်များပါ ရောင်းဝယ်မှုရှိပြီး ၃ တင်းတစ်အိတ် ၂၀၃၀၀၀ကျပ် ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုရှိသည်။ ပဲစဉ်းငုံ(ဖြူ/နီ)မှ ရန်ကုန်ဝယ်လက်မှ ဝယ်ယူပြီး ပြည်ပတင်ပို့မှုရှိခြင်း ၊ ပဲခွဲစက်များ ဝယ်ယူမှုရှိခြင်း ၊ လှော်လက်များ ဝယ်ယူမှုရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ပဲစဉ်းငုံ(ဖြူ) ၃၆၅၀၀၀ ကျပ် မှ ၃၇၄၀၀၀ ကျပ်သို့လည်းကောင်း ၊ ပဲစဉ်းငုံ(နီ) ၃၈၅၀၀၀ ကျပ် မှ ၃၈၇၀၀၀ ကျပ်သို့ မသိမသာဈေးမြင့်သွားသည်။ ပဲပုတ်(ရှမ်း/မြန်မာ)မှာ အဝင်နည်းသွားခြင်း၊ လုပ်ငန်းသမား၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲပုတ်(မြန်မာ) ၃တင်းတစ်အိတ် ၁၈၈၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲပုတ်(ရှမ်း)မှာ ၃ တင်းတစ်အိတ် ၁၅၈၀၀၀ ကျပ် မှ ၁၆၂၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ ကုလားပဲ(ကုဖြူကြီး)မှာ လုပ်ငန်းသမား အဝယ်နည်းသဖြင့် အရောင်းအဝယ် အေးခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၄၅၀၀၀ ကျပ် မှ ၂၄၀၀၀၀ ကျပ် ၊ ကုလားပဲ(လုံးဝါကြီး)မှာလည်း ခွဲစက်သမား အဝယ်နည်းခြင်းကြောင့် ၂၂၅၀၀၀ ကျပ် မှ ၂၂၄၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။လုံးဝါကြီးဈေးနိမ့်သဖြင့် ခွဲခြမ်းမှာလည်း တစ်ပိဿာ ၅၆၅၀ ကျပ် မှ ၅၅၅၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ပဲယင်း၊ မြေတောက်ပဲ၊ စားတော်ပဲ(ကျွန်း) တို့အနက် ပဲယင်းမှာ အဝင်နည်းခြင်း ၊ လုပ်ငန်းအတွက် ခွဲစက်များ အဝယ်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၁၃၂၀၀၀ ကျပ် မှ ၁၃၄၀၀၀ ကျပ် သို့ ဈေးမြင့်နေပြီး မြေတောက်ပဲ နှင့် စားတော်ပဲမှာ အကြော်အလှော်သမား နှင့် လက်လီသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် မြေတောက်ပဲ ၃ တင်းတစ်အိတ် ၃၃၀၀၀၀ ကျပ်၊ စားတော်ပဲ(ကျွန်း) ၂၆၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ထောပတ်ပဲ(ကြီး/သေး) ၊ ပဲကြီး(ကြီး/သေး) တို့အနက် ပဲကြီး(ကြီး/သေး)မှာ အဝင်ပုံမှန် ၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲကြီး(ကြီး) ၃ တင်းတစ်အိတ် ၂၆၀၀၀၀ ကျပ် ၊ (သေး) ၃ တင်းတစ်အိတ် ၂၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ထောပတ်ပဲ(ကြီး/သေး)တို့မှာ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်း ၊ မိုးပဲစိုက်ရန် ပြင်ဆင်ချိန်ဖြစ်၍ မျိုးအတွက် ဝယ်ယူမှုရှိခြင်းကြောင့် ထောပတ်ပဲ(ကြီး) ၃ တင်း ၃၄၀၀၀၀ ကျပ် မှ ၃၄၅၀၀၀ ကျပ် ၊ ထောပတ်ပဲ(သေး)မှာ လက်လီသမားအဝယ်များခြင်းကြောင့် ၂၉၇၀၀၀ ကျပ် မှ ၃၃၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

မန္တလေးသီရိမာလာဈေးတွင် ထိုင်ဝမ်ခရမ်းချဉ်သီးများ အဝင်မရှိတော့ဘဲ ကျောက်မဲ၊ နောင်ချိုသီးများ ဝင်ရောက်ပြီး ၂၀ ပိဿာ တစ်သေတ္တာ ၂၄၀၀၀ ကျပ်၊ အင်းသီးတစ်သေတ္တာ ၃၃၀၀၀ ကျပ်ထိ ဈေးမြင့်သွားသည်။ မုံရွာ ၊ ချောင်းဦး ၊ ရွှေဘို ၊ ရေဦး မှ ငရုတ်စိုဝင်ရောက်သော်လည်း ရာသီဥတုကြောင့် အဝင်နည်းခြင်း ၊ မြို့တွင်းသုံး ငပိထောင်း ၊ လက်ဖက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ငရုတ်စို(ရှည်)တစ်ပိဿာ ၃၀၀၀ ကျပ် ၊ (လတ်) တစ်ပိဿာ ၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

သစ်သီးဝလံဈေးနှုန်းအနေဖြင့် မန္တလေးဝန်းကျင် ၊ ချောင်းဦး ၊ ပခုက္ကူမှ ဖရဲသီးများ အဝင်များပြီး တစ်လုံးလျှင် ၃၀၀၀ ကျပ် မှ ၅၀၀၀ ကျပ်၊ (၁၅)လုံး ဝင် ပီနံအိတ်များဖြင့် ထည့်ပြီး မိုးကုတ် ၊ ပြည်သို့ တင်ပို့မှုရှိသည်။ ညောင်ပင်ဝန်းမှ သဘောသီးများ ဝင်ရောက်သော်လည်း ရာသီဥတုကြောင့် အဝင်နည်းသဖြင့် တစ်လုံး ၁၅၀၀ ကျပ် မှ ၁၈၀၀ ကျပ်ထိ ဈေးမြင့်နေသည်။ စိန်တလုံးသရက်သီး (အိတ်စွပ်) များ အဝင်များပြီး တစ်လုံး ၆၀၀ ကျပ် မှ ၈၀၀ ကျပ်ထိ ဈေးမြင့်နေသည်။သခွားမွှေး ၊ ရွှေသခွားများလည်း နယ်စုံမှ ဝင်ရောက်မှုများသော်လည်း အရည်အသွေးကောင်းသဖြင့် တစ်လုံး ၁၅၀၀ ကျပ် မှ ၂၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။ အော်ဂင်လိမ္မော်သီး ၁၃ ပိဿာဝင် တစ်ခြင်း ၈၅၀၀၀ ကျပ် ၊ သီပေါနာနတ်တစ်လုံး ၈၀၀ ကျပ် မှ ၁၃၀၀ ကျပ်ထိ ဈေးမြင့်နေသည်။

## ဂျုံနှင့် အစေ့ထုတ်ပြောင်း

ဂျုံစိုက်ဧကနည်း၍ အဝင်နည်းခြင်းကြောင့် ငါန်းဇွန် ၊ မြင်းမူ ၊ မြောင်၊ ဆားတောင် ၊ စစ်ကိုင်း ၊ ဘုတလင် ၊ မုံရွာဂျုံများ ၃ တင်းတစ်အိတ် ၁၅၀၀၀၀ ကျပ် မှ ၁၆၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ရှမ်းဂျုံမှာ အသစ်အဝင်များခြင်း၊

စာ-၁၃ သို့

# ရေဓာတ်ကြွယ်ဝလို့ ခန္ဓာတွင်းအပူရှိန်ကို လျှော့ချပေးနိုင်တဲ့ပိန္နဲသီး



ပိန္နဲပင်က နှစ်ရှည်ခံသီးနှံပင် အမျိုးအစားမှာ ပါဝင်ပြီး အိန္ဒိယနိုင်ငံ တောင်ဘက်ပိုင်းမှာ စတင်ပေါက်ရောက်ခဲ့တာလို့ သိရပါတယ်။ အင်္ဂလိပ်လို "Jack Fruit " လို့ ခေါ်ကြပြီး မြန်မာနိုင်ငံမှာတော့ပိန္နဲသီးကို အိမ်မာသီးနဲ့ အိမ်ပျော့သီးဆိုပြီး နှစ်မျိုးရှိကြကာ အိမ်မာသီးကို ဓားနဲ့ စိပ်လို့ရတာမို့ "ပိန္နဲသီးဓားစိပ်"လို့ ခေါ်ကြပြီး အိမ်ပျော့သီးမှာ အမွှာလေးတွေကိုနှိုက်ရတာမို့" ပိန္နဲသီးအမွှာနှိုက်" ဆိုပြီး ခေါ်ကြပါသေးတယ်။

ပိန္နဲသီးမှည့်ကို အချိုတည်းစရာ သစ်သီးအဖြစ် စားလေ့ရှိ ကြသလို အသီးနုနုကို အကွင်းလေးလှီးထားတဲ့ ပိန္နဲကွင်းကို ပြုတ်ကာ ငါးပိရည်နဲ့ အတို့အမြုပ်လုပ်စားခြင်း၊ ချဉ်ရည်ဟင်းချက်စားခြင်းအပြင် မွန်ပြည်နယ်ဘက်မှာတော့ ပိန္နဲသီးနုနုကို ဆီပြန်ဟင်းအချိုချက်လေးချက်စားလေ့ရှိပြီး အရသာထူးလှတဲ့ ဟင်းတစ်မျိုးပါ။

အဲဒီလို အမျိုးအမျိုးအဖုံဖုံပြုလုပ်စားလေ့ရှိတဲ့ ပိန္နဲသီးမှာ ပရိုတင်း၊ ဗီတာမင်၊ ရေဓာတ်၊ အမျှင်ဓာတ်၊ အဆီဓာတ် နဲ့သတ္တုဓာတ်တို့ ကြွယ်ဝစွာပါဝင်ပြီး ဘေးဥပဒ် ဖြစ်စေသော ကယ်လိုရီပမာဏ ပါဝင်မှုအလွန်နည်းပါးတာကြောင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုပါတယ်။

ပိန္နဲသီးရဲ့ ကျန်းမာရေးကောင်းကျိုးတွေကတော့..

(၁) ဗီတာမင်စီနှင့် ဗီတာမင်အီး ကြွယ်ဝစွာပါဝင်လို့ ကိုယ်ခံအားကို ကောင်းစေပြီး အသားအရေကို စိုပြည်ဝင်းပစေနိုင်ပါတယ်။

(၂) ပိုတက်စီယမ်ဓါတ်လည်း ကြွယ်ဝတာကြောင့် သွေးဖိအားကို ပုံမှန်ဖြစ်စေကာရုတ်တရက်သွေးတက်ခြင်း၊ ကျခြင်းတို့ ဖြစ်ပွားနိုင်မှုကို လျှော့နည်းစေကာ နှလုံးကျန်းမာအတွက်အထောက်အကူပြုပါတယ်။

(၃) ဒါ့အပြင် ပိန္နဲသီးထဲမှာ ဖရက်တို့စ်နှင့်ဆူးခရို့စ်(ခေါ်)သဘာဝသကြားဓာတ်များပါရှိသော ကြောင့်ခွန်အားတိုးပွားစေနိုင်ပါတယ်။

(၄) သူ့မှာ သံဓာတ်လည်းပါရှိလို့ သွေးအားနည်းရောဂါမဖြစ်အောင်လည်း ကာကွယ်ပေးနိုင်ပါတယ်။

(၅) မဂ္ဂနီဆီယမ်ဓာတ်လည်းပေါကြွယ်ဝတာကြောင့် ကယ်လ်စီယမ်စုပ်ယူခြင်းကို အားပေးတဲ့အတွက် အရိုးများကို ကျန်းမာသန်စွမ်းစေနိုင်ပါတယ်။

(၆) ဒါ့အပြင် ပိန္နဲသီးတွင် ရေဓါတ်ကြွယ်ဝစွာပါဝင်လို့ ခန္ဓာကိုယ်တွင်းအပူရှိန်ကို လျှော့ချပေးနိုင်ပြီး နွေရာသီမှာ စားပေးသင့်တဲ့ အသီးအနှံထဲက တစ်မျိုးဖြစ်ပါတယ်။

(၇) အမျှင်ဓာတ်လည်း ကြွယ်ဝစွာပါဝင်တာကြောင့် ဝမ်းချုပ်ခြင်းကင်းဝေးပြီး အူလမ်းကြောင်းကျန်းမာရေးအတွက်လည်း အထောက်အကူပြုပါတယ်။

သတိပြုရမှာတွေကတော့ ...

-ပိန္နဲသီးဟာ ပင်ကိုယ်သဘာဝအရ ကြေညက်ခဲတဲ့ အတွက် ညက်ညက်ဝါးစားပေးရပါမယ်။

-အစာအိမ်ရောဂါရှိသူ၊ဆီးချိုရောဂါရှိသူနဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ပိန္နဲသီးကို အလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါတယ်။

-အစာအိမ်ရောဂါသည်တွေ ပိန္နဲသီးကို အလွန်အကျွံ စားသုံးမိပါက အစာကိုချေဖျက်ပေးတဲ့ Acid ဓာတ်ဟာတဖြည်းဖြည်းတိုးလာပြီး အစာအိမ် သွေး ကြော ပေါက် ခြင်း တို့ ကို ဖြစ်စေတတ်ပါတယ်။

ဒါကြောင့် ကျန်းမာရေးကောင်းကျိုး အများအပြားရှိပေမယ့် "တန်ဆေးလွန်ဘေး" ဆိုသလို ချင့်ချိန်စားသုံးသင့်ပါတယ်နော်။

**မသန်းလှ(ပညာရေး)**

စာ-၁၂ မှ

ဂျုံမှုန့်အထွက်နည်းသဖြင့် ဂျုံစက်များ အဝယ်နည်းခြင်းကြောင့် တစ်အိတ် ၁၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ကလေးဂျုံ ၃ တင်းတစ်အိတ် ၁၃၀၀၀၀ ကျပ်၊ သြစတြေးလျဂျုံမှုန့် တစ်ပိဿာ ၃၃၀၀ ကျပ်၊ ဂျုံဖွဲ့ တစ်ပိဿာ ၁၃၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။ အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် ဆောင်းပဲလက်ကျန်နည်းခြင်း၊ မိုးပဲစိုက်ချိန်နီးခြင်း၊ အစာစပ်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၅၁၀၀၀ ကျပ် မှ ၅၃၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

**ခင်မေကြည်**

စာ-၁၀ မှ

တက္ကသိုလ် နှစ်ကျောင်းလုံးသို့ သွားရောက်သင်ကြားရန် အခွင့်အရေးရရှိပါသည်။

တက္ကသိုလ်များမှာ နာရီဝက်လောက်ပဲ ကား၊ ရထားနှင့် သွားလို့ရ၍ ကျောင်းသား၊ ကျောင်းသူများ တနေရာတည်းနေပြီး တက္ကသိုလ်နှစ်ခုစလုံးရှိ ဓာတ်ခွဲခန်းများ (Laboratories)၊ စာကြည့်တိုက်များ (Libraries)၊ သုတေသနစိုက်ကွင်းများ (Experimental Farms)၊ ဆရာ၊ ဆရာမနှင့် သုတေသနပညာရှင်များ (Teaching and Research Staff, Academia) နှင့် အခြားအရင်းအမြစ်များစွာ (Other Resources from both Universities) တို့ကို အသုံးချနိုင်သော အခွင့်အရေးများစွာ ရရှိသွားပါတော့သည်။

အလွန်မတန်မှ တီထွင်ဖန်တီးထားသော ကောင်းမွန်သည့် စနစ်များ ဖြစ် ပါ သ ည် ။ အ တု ယူ ဖွ ယ် ကောင်းလှပါသည်။ နေပြည်တော်ရေဆင်းရှိ တက္ကသိုလ် ၃ ခု ဤကဲ့သို့ စနစ်ကို ဖန်တီးပေးပါက အလွန်အကျိုးရှိပါလိမ့်မည်ဟု စိတ်ကူးယဉ်မိပါသည်။

(ဂ) မဟာသိပ္ပံ - စိုက်ပျိုးမွေးမြူရေး ပတ်ဝန်းကျင်နှင့်အဖွဲ့အစည်းများ (M.Sc. Agriculture, Ecology and Societies)

(ဃ) မဟာသိပ္ပံ -အပြည်ပြည်ဆိုင်ရာအစားအစာကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူများအားလေ့လာခြင်းပညာ (M.Sc. International Food Business and Consumer Studies) တို့ဖြစ်ပါသည်။

ကတ်ဆယ်တက္ကသိုလ် (The University of Kassel) နှင့် ဖူလ်ဒါ အသုံးချသိပ္ပံတက္ကသိုလ် (The University of Applied Science - Fulda) တို့ပူးတွဲဖွင့်လှစ်ခြင်း ဖြစ်ပါသည်။ ကျောင်းသား၊ကျောင်းသူများမှာ တက္ကသိုလ်နှစ်ကျောင်းလုံးသို့ သွားရောက်သင်ကြားရန် အခွင့်အရေးရရှိပါသည်။

ကျွန်တော်တို့ တက္ကသိုလ်မှာ ရေဆင်းရှိ တက္ကသိုလ်နှင့်သုတေသနဌာနများကဲ့သို့ 'အပူပိုင်းနှင့်အပူလျော့ပိုင်းဒေသ ဂျာမန် စိုက်ပျိုးရေး သုတေသနဌာန' (German Institute for Tropical and Sub-tropical Agriculture) နှင့် ကပ်လျက်တည်ရှိပါသည်။ ထို့အတူ 'အပူပိုင်းဒေသ သီးနှံသုတေသန မှန်ခြံ (Greenhouse for Tropical Crops -ဂျာမနီတစ်နိုင်ငံလုံးမှာတစ်ခု တည်းရှိပါသည်) လည်းရှိနေတော့ ကျွန်တော်တို့သုတေသန ပြုလုပ်ရာတွင်လည်း အလွန်အဆင် ပြေလှပါသည်။

(ဆက်လက်ဖော်ပြပါမည်)

စာ-၁၅ မှ

ရေရှည်တည်တံ့သော ငါးဖမ်းခြင်းအလေ့အကျင့်(Suatainable Fishing Practices)များသည် အထူးသဖြင့် ဓာတုပစ္စည်းများဖြင့် ပြုလုပ်ထားသည့် ငါးဖမ်းကိရိယာများကို အ သုံး ပြု ခြ င်း ကြော င့် မို က် ခ ရို ပလတ်စတစ်ညစ်ညမ်းမှုကို ဖြစ်စေနိုင်သည်။ရပ်ရွာအခြေပြုချဉ်းကပ်နည်းများတွင် ဇီဝ ပျက်စီးနိုင်သော ငါးဖမ်းကိရိယာများကို အသုံးမပြုခြင်း(သို့မဟုတ်)ဓာတုပစ္စည်းများ အသုံးပြုမှုလျှော့ချခြင်းတို့ကို ဆောင်ရွက်စေပြီး ရေရှည်တည်တံ့သော ငါးဖမ်းခြင်း အလေ့အကျင့်များကို မြှင့်တင်ရန် လိုအပ်သည်။

ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံတွင် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်သော်လည်း မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုကိုလည်း ဖြစ်စေနိုင်သည်။လူထုအခြေပြုချဉ်းကပ်နည်းများတွင် တစ်ကြိမ်သုံးပလတ်စတစ်အသုံးပြုမှုကို လျှော့ချခြင်းနှင့် တာဝန်ယူမှုရှိသော အမှိုက်စီမံခန့်ခွဲ မှု အလေ့အကျင့်များကို မြှင့်တင်ခြင်းကဲ့သို့သော ရေရှည်တည်တံ့သော ခရီးသွားလုပ်ထုံးလုပ်နည်းများကို မြှင့်တင်ခြင်းကို ပိုမိုလုပ်ဆောင်သင့်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ပညာရေး၊သန့်ရှင်းရေးလှုပ်ရှားမှုများနှင့် ရေရှည်တည်တံ့သော အလေ့အကျင့်ကောင်းများကို ပံ့ပိုးပေးခြင်းများပါဝင်သည့် ရပ်ရွာအခြေပြုချဉ်းကပ်နည်းများသည် မြန်မာနိုင်ငံရှိ မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင် လျက်ရှိသည်။ပြည်သူနှင့်အတူတာဝန်ရှိသူများ၊အရပ်ဘက် NGO အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် လူမှုအသိုင်းအဝိုင်းသည် 'ပင်လယ်ထဲက အသံတိတ်လူသတ်သမား'ဟု ခေါ်သည့် မိုက်ခရိုပလတ်စတစ်များကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါ သည်။

**ဖော်ကြီး(ငါးဦးစီး)**

American Oceans.
org,Condorferries UK,United Nations,Convention on International
Trade in Endangered Species of Wild Fauna and Flora,River Dolphins.org, World Wildlife Fund(WWF).

# သဘာဝကပေးအစာနှင့်ဆေး

# ထနောင်း



ကြေးမုံငယ်



အာရှဒေသ၏ အထင်ကရ အပင်များတွင် တစ်မျိုးအပါအဝင်ဖြစ်သည့် ထနောင်းပင်၏ အင်္ဂလိပ်အမည်မှာ Acacia Soma ဟု ခေါ်ဆိုကြသကဲ့သို့ white-bark acacia ဟုလည်း ခေါ်ဆိုကြ၏။ ယင်း၏ ရုက္ခဗေဒအမည်မှာ Vachellia leucophloea ဟု ခေါ်ဆိုသကဲ့သို့ Acacia leucophloea ဟုခေါ်ဆိုကာ မျိုးရင်း Fabaceae တွင် ပါဝင်၏။ ထနောင်းပင်ကို တောင်အာရှနှင့် အရှေ့တောင် အာရှနိုင်ငံများ အထူးအားဖြင့် အိန္ဒိယ၊ သီရိလင်္ကာ၊ မြန်မာ၊ နီပေါလ်၊ ပါကစ္စတန်၊ ထိုင်း နှင့် ဗီယက်နမ်နိုင်ငံတို့တွင် တွေ့ရှိရ၏။

ထနောင်းပင်သည် အပူပိုင်းဒေသတွင် သဘာဝအလျောက် ပေါက်ရောက် တတ်သည့် ရွက်ကြွေ အပင်ကြီးမျိုးဖြစ်ပြီး အပင်၏ ကိုင်းအခက်အလက်များတွင် ဆူးများပါဝင်၏။ ထနောင်းပင်၏ ဝေဖြာစွာထွက်လာသည့် ကိုင်းအခက် အလက်များကြောင့် ပူပြင်းသည့် နွေလရာသီတွင် အေးမြသည့် အရိပ်အာဝါသကို ပေးစွမ်းနိုင်သည့်အတွက် နွေမှာ ထနောင်း၊ ဆောင်းမှာမန်ကျည်း၊ မိုးမှာဇရပ် ဟုပင် တင်စားခေါ်ဆိုခဲ့ကြ၏။ နွေဦးရောက်လျှင် ရိုးတံကျဲနှင့် ပင်အိုတို့ အလှခြင်း ပြိုင်ကြသည့် အချိန်တွင် ထနောင်းပင်ကမူ ရွက်နုများ စိမ်းစိုဝေဖြာနေတတ်သည့် အတွက် မြင်ရသူ ရင်ကို အေးမြစေနိုင်၏။ အဝါရောင် အောက်ခံထားပြီး အညိုအနက်ကွက်များ ရောယှက်နေသည့် ထနောင်းပင်စည်၏ အလှ၊ အပင်၏ အကိုင်းအလက်များတွင်လည်း ရွက်နုစိမ်းနှင့် ပင်ထိပ်ဖျားတွင် ဝေဆာနေသည့် နို့နှစ်ရောင်မှသည် ဝါနုသွေးရောင်လွှမ်းသည့် ပန်းဖူးတို့၏ အလှကိုပါ ထပ်လောင်းဖြည့်စွက်လိုက်သည့်အခါ ကဗျာဆန်သော ထနောင်းပင်၏အလှမှာ နွေ၏ပန်းချီကို အသက်ဝင်စေပြန်၏။ သီးတောင့်များမှာ ပြားပြီးရှည်သော အဝါရောင်၊ အစိမ်းရောင်၊ အညိုရောင်ရှိကြ၏။ အစေ့များမှာ ပြောင်ချောပြီး အညိုနက်ရောင်ခပ်ရှည်ရှည်ပုံစံရှိ၏။

ထနောင်းစေ့တွင် သဘာဝ ပရိုတင်းဓာတ် ၂၇ ရာခိုင်နှုန်းပါဝင်၏။ ထို့အပြင် သဘာဝအဆီ ၅ ရာခိုင်နှုန်း၊ သဘာဝအမျှင်ဓာတ် ၇ ရာခိုင်နှုန်း၊ ပြာဓာတ် ၄ ရာခိုင်နှုန်းနှင့် ကာဘိုဟိုက်ဒရိတ် ၅၈ ရာခိုင်နှုန်း ပါဝင်၏။ ထို့အပြင် သတ္တုဓာတ်များ အနေဖြင့် ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဖော့စ်ဖရပ်စ်၊ သံဓာတ်၊ မဂ္ဂနိစ် တို့ပါဝင်၏။ အာဟာရဓာတ် ကြွယ်ဝစွာပါဝင်သည့်အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာဖြစ်၏။

- ထနောင်းရွက်ကို စားသုံးပေးခြင်းဖြင့် ကိုယ်ခန္ဓာရှိ တစ်သျှုးများရောင်ရမ်းနာကျင်ခြင်းကို သက်သာစေနိုင်စွမ်းရှိ၏။ သွေးတွင်းရှိ သကြားဓာတ်ကိုလည်း လျှော့နည်းစေနိုင်၏။ အစာအိမ်နှင့် အူလမ်းကြောင်းကို သန့်စင်စေ၏။

- ထနောင်းရွက်နုဖူးကို သုပ်စားခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းကို သက်သာစေနိုင်သကဲ့သို့ ကိုယ်တွင်းအပူကိုငြိမ်းစေ၏။

- သွားဖုံးအတွင်း သွေးယိုစီးခြင်းဝေဒနာခံစားရပါက ထနောင်းခေါက်ကို သုံးခွက်တစ်ခွက်တင်ပြုတ်ပြီး ရရှိလာသည့် အရည်ကို တစ်နေ့လျှင် ၃ ကြိမ်ငုံပေးခြင်းဖြင့် သက်သာစေနိုင်၏။

ထနောင်းရွက်နုနုကလေးများကို ခူး၍ သန့်စင်အောင် ရေဆေးပြီး စစ်ထားပါ။ ပြီးလျှင် ပွက်ပွက်ဆူနေသော ရေနွေးထဲတွင် ၃ မိနစ်ခန့် ပြုတ်ပြီးလျှင် အရွက်လေးများကို ရေအေးနှင့် ပြန်ဆေးပါ။ ပြီးလျှင် ရေကုန်အောင်ညှစ်ပြီး ငှက်ပျောဖက်/အင်ဖက်တို့ဖြင့် ထုပ်ပိုးသိမ်းဆည်းထားနိုင်၏။ ထနောင်းရွက်နုဖူးပြုတ်ကို အညာဒေသထွက် စားသောက်ကုန် ရောင်းချသူများထံမှ တစ်ဆင့် ဝယ်ယူစားသုံးနိုင်၏။

- ထနောင်းရွက်နုဖူးပြုတ်များကို ငါးပိရည်ကျိုဖျော်၊ ခရမ်းချဉ်သီးချက်၊ ငရုတ်သီးစိမ်းချက်၊ ငါးပိချက် စသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။

- ထနောင်းရွက်နုဖူးပြုတ်များကို ဓားဖြင့် ပါးပါးလှီးပေးပါ။ ပြီးလျှင် ပါးပါးလှီးထားသော ကြက်သွန်နီ၊ ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့်အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကြော်မှုန့်၊ မြေပဲဆန်ထောင်း၊ ကြက်သွန်နီဆီချက်၊ သံပရာရည်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် ရာသီစာ ထနောင်းဖူးသုပ်လေး ရပါပြီ။ ကြက်သွန်ဖြူလေးကိုက်၊ ငရုတ်သီးစိမ်းလေးကိုက်ကာ အဖန်ရည်ပူပူလေးနှင့်တွဲဖက်ကာ နွေလည်ခင်း နေပူသည့်အချိန် ထနောင်းပင်အောက် အေးရိပ်ခိုကာ သုံးဆောင်နိုင်၏။ ရာသီစာလည်းဖြစ် ဆေးဖက်လည်းဝင်၊ အာဟာရတန်ဖိုးလည်း မြင့်မားလှသည့်အတွက် မိသားစုထမင်းဝိုင်းအတွက် နှုတ်မြိန်စာ ဟင်းတစ်မယ်တိုးစေ၏။

- ထနောင်းစေ့ပင်ပေါက်လေးများကိုလည်း ထနောင်းရွက်နုဖူးကဲ့သို့ပင် သုပ်စားနိုင်၏။ ကြော်ချက်ပြုလုပ်ပြီးလည်း စားသုံးနိုင်၏။

ထနောင်းရွက်မှ အနက်ရောင် ဆိုးဆေးကို ထုတ်ယူရရှိနိုင်၏။ ထနောင်းခေါက်မှ အရည်အသွေးမြင့်သော တယ်နင်များပါဝင်၏။ အခေါက်အတွင်းဘက်မှ သန်မာပြီး ကြမ်းတမ်းသော အမျှင်များ ထုတ်ယူနိုင်ပြီး ငါးဖမ်းပိုက်နှင့် ကြံ့ခိုင်သော ကြိုးများပြုလုပ်ကြ၏။

မြေဆီလွှာညံ့ဖျင်းပြီး မိုးရေချိန်ရရှိမှုနည်းပါးသည့် ဒေသများတွင်ပါ ရှင်သန်ဖြစ်ထွန်းလွယ်သည့် ထနောင်းပင်ကို သစ်တောများပြန်လည်ထိန်းသိမ်းခြင်းအတွက် ရည်ရွယ်ကာ စိုက်ပျိုးကြ၏။ လယ်ယာသစ်တောစိုက်ပျိုးခြင်းတွင်ထနောင်းပင်ကို မီးတားအပင်အဖြစ် စိုက်ပျိုးကြ၏။ ထနောင်းပင်စည်မှ ထွက်ရှိသည့်ကော်ကို ဆေးဝါးအဖြစ် အသုံးပြုကြ၏။

ထနောင်းပင်စည်မှရရှိသည့် သစ်သားမှ စက္ကူထုတ်လုပ်နိုင်၏။ ပင်စည်အတွင်းသားသည် အုတ်နီခဲရောင်ဖြစ်ပြီး အိမ်တွင်းသုံး အိမ်ထောင်ပရိဘောဂပစ္စည်းများ ပြုလုပ်အသုံးပြုရန် သင့်လျော်သော်လည်း အဝါရောင်အပြင်သားမှာမူ ဆွေးမြေ့လွယ်၏။

ထနောင်းသီးကို ဆိတ်၊ နွားတို့ စားမိပြီး မစင်ပြန်စွန့်သည့်အခါ ယင်းအစေ့မှ အပင်ပြန်ပေါက်လာခြင်းဖြစ်၏။ သတိပြုရန်အချက်မှာ ထနောင်းခေါက်များကို ခွာပြီးအရက်ချက်ရာတွင်လည်းကောင်း၊ ဆိုးဆေးပြုလုပ်ရာတွင် လည်းကောင်း၊ ယွန်းထည်လုပ်ငန်းများတွင် စစ်ဧးအနေဖြင့် အရောင်တောက်အောင် အသုံးပြုရာတွင်လည်းကောင်း၊ လောင်စာအဖြစ်လည်းကောင်း အသုံးပြုကြသည့်အတွက် နှစ်ကာလအတော်ကြာမှ ဖြစ်ထွန်းလာသည့် ထနောင်းပင်မှာ ဒဏ်ရာရပြီး အစာရေကြောဖြတ်တောက်သကဲ့သို့ဖြစ်ကာ တဖြည်း ဖြည်းချင်း ခြောက်သွေ့လာပြီး အပင်ပျက်စီးဆုံးရှုံးရ တတ်၏။ သို့ဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသိပညာပေးလုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်သင့်ပေ၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ထနောင်းပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်



စာ-၁၆ မှ

တစ်ခုလုံးကို ထိခိုက်စေနိုင်သည်။ သမုဒ္ဒရာထဲတွင် မိုက်ခရိုပလတ်စတစ် အနည်အနှစ်များစုပုံလာကာ အဏ္ဏဝါသက်ရှိများ၏ အပြုအမူကို ထိခိုက်စေပြီး ဂေဟစနစ်၏ဖွဲ့စည်းပုံကို ပြောင်းလဲစေသည်။ မိုက်ခရိုပလတ်စတစ်များသည်ပလတ်စတစ်ထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းများ၊ သို့မဟုတ် ပလတ်စတစ်ပေါ်သို့စုပ်ယူထားသော ညစ်ညမ်းစေသည့် ဓာတုပစ္စည်းများကို ထုတ်လွှတ်နိုင်ပြီး အဏ္ဏဝါသက်ရှိများ၏ကျန်းမာရေးနှင့် ပိုမိုကျယ်ပြန့်သောဂေဟစနစ်ကို ထိခိုက်စေနိုင်သည်။

မိုက်ခရိုပလတ်စတစ်များသည် ရေအရည်အသွေးကိုလည်း ထိခိုက်စေနိုင်သည်။ လူနှင့် တိရစ္ဆာန်ကျန်းမာရေးကို အန္တရာယ်ဖြစ်စေသည့် အပြင် ရေစနစ်များတွင် အဆိပ်အတောက်များ စုပုံလာစေရန် ကူညီပေးနိုင်သည်။မိုက်ခရိုပလတ်စတစ်များသည် ပလတ်စတစ်၏ မျက်နှာပြင်ပေါ်တွင် စုပုံနိုင်သည့် poly-chlorinated biphenyls (PCBs) ၊ သို့မဟုတ် ပိုးသတ်ဆေးများကဲ့သို့သော ညစ်ညမ်းစေသည့်ရင်းမြစ်(vector)များအဖြစ် လုပ်ဆောင်နိုင်သည်။

## လူသားတို့၏ ကျန်းမာရေးအပေါ် မိုက်ခရိုပလတ်စတစ်များ၏ဆိုးကျိုးများ

မိုက်ခရိုပလတ်စတစ်များ၏ လူ့ကျန်းမာရေးနှင့် ပတ်သက်သော အထင်ရှားဆုံး စိုးရိမ်စရာတစ်ခုမှာ စားသုံးမိခြင်း ဖြစ်ပါသည်။လေ့လာမှုစစ်တမ်းများအရမိုက်ခရိုပလတ် စတစ်များကို သောက်သုံးရေပင်လယ်စာများနှင့် ကျွန်ုပ်တို့ရှူရှိုက်သည့်လေ ထဲတွင်ပင်တွေ့ရှိနိုင်သည်။ စားသုံးမိသောအခါ မိုက်ခရိုပလတ်စတစ်များသည် လူ့ခန္ဓာကိုယ်အတွင်းစုပုံလာနိုင်ပြီးကျန်းမာရေးကိုထိခိုက်စေနိုင်သည်။လူ့ကျန်းမာရေးအပေါ် မိုက်ခရိုပလတ်စတစ်များ၏ ကျန်းမာရေးဆိုင်ရာအကျိုးသက်ရောက်မှုများအပြည့်အစုံကို လေ့လာနေဆဲဖြစ်သော်လည်း မိုက်ခရိုပလတ်စတစ်များသည် အဆိပ်အတောက်ဖြစ်စေနိုင်သည် (သို့မဟုတ်)အစာခြေစနစ်ကို အနှောင့်အယှက် ဖြစ်စေပါသည်။

မိုက်ခရိုပလတ်စတစ်များသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေပြီး လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ မိုက်ခရိုပလတ်စတစ်များကို လေထဲသို့ ထုတ်လွှတ်လိုက်သောအခါ ၎င်းတို့ကို ရှူသွင်းနိုင်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ယားယံခြင်း၊ သို့မဟုတ်အခြားအသက်ရှူ လမ်းကြောင်း ဆိုင်ရာ ပြဿနာများအထိဖြစ်စေနိုင်သည် ။အထူးသဖြင့် မိုက်ခရိုပလတ်စတစ်များကို ထုတ်လုပ်မှု သို့မဟုတ် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေးကဲ့သို့သော မိုက်ခရိုပလတ်စတစ်များကို အသုံးများသည့် စက်မှုလုပ်ငန်း တွင် လုပ်ကိုင်ကြသူများနှင့် အထူးသက်ဆိုင်သည်။

မိုက်ခရိုပလတ်စတစ်များကြောင့် လူသားများ၏ မျိုးပွားမှုဆိုင်ရာကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်သည်။ Bisphenol A (BPA)ကဲ့သို့သော ပလတ်စတစ်များတွင်တွေ့ရသော ဓာတုပစ္စည်းအချို့နှင့် ထိတွေ့ခြင်းသည် မျိုးပွားမှုဆိုင်ရာပြဿနာများကို ဖြစ်စေနိုင်ကြောင်း လေ့လာမှုများက ဖော်ပြကြသည် ။ မျိုးပွားမှုကျန်းမာရေးအပေါ် မိုက်ခရိုပလတ်စတစ်များ၏အကျိုးသက်ရောက်မှုအတိုင်းအတာအပြည့်အစုံကို လေ့လာနေဆဲဖြစ်သော်လည်း ပတ်ဝန်းကျင်တွင် မိုက်ခရိုပလတ်စတစ်များရှိနေခြင်းသည် အဆိုပါပြဿနာများကို အထောက်အကူဖြစ်စေနိုင်သည်ဟု စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။

မိုက်ခရိုပလတ်စတစ်များသည် ပလတ်စတစ်ထုတ်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများ၊ သို့မဟုတ် ပလတ်စတစ်ထဲသို့ စုပ်ယူထားသော ညစ်ညမ်းစေသည့် ဓာတု ပစ္စည်းများကို ထုတ်လွှတ်ခြင်းဖြင့်လည်း လူ့ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သည်။မိုက်ခရိုပလတ်စတစ်များကို မျိုချမိသောအခါ(သို့မဟုတ်)ရှူသွင်းလိုက်သောအခါ ဤဓာတုပစ္စည်းများသည် အဆိပ်များကို မိတ်ဆက်ခြင်း (သို့မဟုတ်) endocrine စနစ်အား အနှောင့်အယှက်ပေးခြင်းဖြင့် လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

## မိုက်ခရိုပလတ်စတစ်များကို လျှော့ချခြင်းနည်းလမ်းများ

အထိရောက်ဆုံးနှင့် အရိုးရှင်းဆုံးသော ဖြေရှင်းနည်းမှာ ပလတ်စတစ် ပစ္စည်းများကို လျှော့ချသုံးစွဲခြင်းပင်ဖြစ်ပါသည်။ပြန်သုံးနိုင်သော အိတ်များ၊ ရေပုလင်းများနှင့် ကွန်တိန်နာများကို အသုံးပြုခြင်း၊ မီးဖိုချောင်သုံး ပလတ် စတစ်များကို ရှောင်ကြဉ်ကာ ထုပ်ပိုးမှုနည်းသော ထုတ်ကုန်များကို ရွေးချယ်ခြင်းတို့ကိုလုပ်ဆောင်နိုင်သည်။

ပလတ်စတစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်းသည် ပင်လယ်သမုဒ္ဒရာထဲသို့ ရောက်ရှိ ခြင်းကို ကာကွယ်တားဆီးနိုင်သည်။ ပလတ်စတစ်ထုတ်ကုန်များကို ပြန်လည်အသုံးပြုခြင်း၊သတ်မှတ်ထားသော အမှိုက်ပုံးများတွင် စနစ်တကျစွန့်ပစ်ခြင်းနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ခြင်းဖြင့်ကာကွယ်တားဆီးနိုင်သည်။

ရေရှည်တည်တံ့သော ပစ္စည်းများနှင့်ပြုလုပ်ထားသည့် ကုန်ပစ္စည်းများ ( Suatainable materials)ကို ရွေးချယ်ပြီး ပလတ်စတစ်ထုပ်ပိုးမှု အနည်းဆုံးဖြင့် သမုဒ္ဒရာထဲသို့ ရောက်ရှိနိုင်သော ပလတ်စတစ်အမှိုက်ပမာဏကို လျှော့ချနိုင်မည်ဖြစ်သည်။(ဥပမာ- Nike နှင့် Adidas တို့မှ ပင်လယ်တွင်းရှိ ပလတ်စတစ်အမှိုက်များကို အသုံးပြုပြီး ထုတ်လုပ်ထားသည့် ဖိနပ်များ။)

ထို့ပြင် မိုက်ခရိုပလတ်စတစ်များ လျှော့ချရန်အတွက် ဖြေရှင်းရန်နည်းလမ်းတစ်ခုမှာ "လူထုအခြေပြု မိုက်ခရိုပလတ်စတစ် လျှော့ချခြင်း"နည်းလမ်းဖြစ်ပါသည်။အထိရောက်ဆုံး ရပ်ရွာအခြေပြုချဉ်း ကပ်နည်းများထဲမှ တစ်ခုမှာ ပတ်ဝန်းကျင်နှင့် လူသားများ၏ ကျန်းမာရေးအပေါ် မိုက်ခရိုပလတ်စတစ်ညစ် ညမ်းမှု၏သက်ရောက်မှုများအကြောင်း ပညာပေးမှုနှင့် အသိပညာများ တိုးမြှင့်ပေးရန် ဖြစ်သည်။ ၎င်းတွင် ပလတ်စတစ်သုံးစွဲမှု လျှော့ချခြင်း၊ ပလတ်စတစ်အမှိုက်ကို စနစ်တကျစွန့်ပစ်ခြင်းနှင့် ပလတ်စတစ်ညစ် ညမ်းမှု လျှော့ချရေးမူဝါဒများကို ပံ့ပိုးပေးခြင်းကဲ့သို့သော ရေရှည် အလေ့အကျင့်များကို မြှင့်တင်ရန်အတွက် အများပြည်သူဆိုင်ရာ၊ သတင်းအချက်အလက်ဆိုင်ရာ လှုပ်ရှားမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ရပ်ရွာပွဲများကို စည်းရုံးခြင်းတို့ဖြင့် လူထု၏ စိတ်ပါဝင်စားမှုကို ဆွဲဆောင်နိုင်သည်။

ရပ်ရွာသန့်ရှင်းရေးလှုပ်ရှားမှုများသည် မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချရာတွင် လည်း ထိရောက်မှုရှိနိုင်သည်။ဤလှုပ်ရှားမှုများတွင် ကမ်းခြေများ၊မြစ်ကမ်းပါးများနှင့် ပလတ်စတစ် အမှိုက်များစုပုံနေသည့် အခြားနေရာများမှ ပလတ်စတစ်အမှိုက်များ စုဆောင်းသည့် စေတနာ့ဝန်ထမ်းများ ပါဝင်နိုင်သည်။ဤကြိုးပမ်းမှုများတွင် ရပ်ရွာလူထုများပါဝင်ခြင်းဖြင့် ၎င်းတို့သည် ပြဿနာကို ပိုမိုသိရှိနားလည်လာပြီး အနာဂတ်တွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို လျှော့ချရန်အတွက် အရေးယူ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ထို့ပြင် Suatainable Waste Management အလေ့အကျင့်ကောင်းများကို တွန်းအားပေးထောက်ပံ့ရမည်။အမှိုက်စီမံခန့်ခွဲမှု အလေ့အကျင့်များ တိုးတက်ကောင်းမွန်လာခြင်းသည် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကို လျှော့ချရာတွင် လည်း အထောက်အကူဖြစ်စေပါသည်။ရပ်ရွာအခြေပြုချဉ်းကပ်နည်းများတွင် ဒေသတွင်းစွန့်ပစ်အမှိုက်များ စုဆောင်းခြင်းနှင့် ပြန်လည်အသုံးပြုခြင်း အစီအစဉ်များကို ပံ့ပိုးပေးခြင်းနှင့် ဇီဝပျက်စီးနိုင်သော ထုတ်ကုန်များ အသုံးပြုမှုကို မြှင့်တင်ခြင်းတို့ ဖြစ်သည်။












စာ-၁၃ သို့

မိုက်ခရိုပလတ်စတစ်များ (Microplastics)ဆိုသည်မှာ ပင်လယ်သမုဒ္ဒရာများတွင် အရွယ်အစား ၅ မီလီမီတာအောက်ရှိသော ပလတ်စတစ်အမှုန်အမွှားများဖြစ်သည်။ ထိုမိုက်ခရို ပလတ်စတစ်များကြောင့် ပင်လယ်သမုဒ္ဒရာရှိ ရေနေသတ္တဝါများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိပြီး အစာကွင်းဆက်ကိုလည်း ဆိုးရွားစွာ အန္တရာယ်ပေးလျက်ရှိသည်။ ထို့ကြောင့်၎င်းတို့ကို "ပင်လယ်ထဲက အသံတိတ်လူသတ်သမား"ဟု တင်စားခေါ် ဝေါ်ကြသည်။



# ရေနေသတ္တဝါများကို ထိခိုက်ပျက်စီးစေသော မိုက်ခရိုပလတ်စတစ်များ

ဇော်ကြီး(ငါးဦးစီး)

## မိုက်ခရိုပလတ်စတစ်များ ဖြစ်ပေါ်လာပုံ

စွန့်ပစ်အမှိုက်များစီမံခန့်ခွဲမှု အားနည်းခြင်းသည် မိုက်ခရိုပလတ်စတစ်များဖြစ်ပေါ်လာပုံနှင့် တိုက်ရိုက်ဆက်နွယ်နေသည်ကို သတိပြုရမည်။ ထိုအမှိုက်များ ရေထုထဲသို့ ရောက်လာပုံရောက်လာနည်း ၃မျိုး ရှိပါသည်။

ပထမနည်းကတော့ - လူသားတို့၏ အမှိုက်များကို ရေထုထဲသို့ တိုက်ရိုက်သော်လည်းကောင်း၊သွယ်ဝိုက်၍သော်လည်းကောင်း မဆင်မခြင်စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့ကြောင့် ထိုအမှိုက်များ ရောက်ရှိလာရခြင်း၊

ဒုတိယနည်းကတော့-သဘာဝဘေးအန္တရာယ်များကြောင့် ရေထုထဲသို့ ဝင်ရောက်လာခြင်း ( ဥပမာ မိုးရွာခြင်း၊ လေပြင်းတိုက်ခြင်း၊ရေကြီးရေလျှံဖြစ်ခြင်း)

နောက်ဆုံးနည်းကတော့-လူသားများ အဝတ်လျှော်သည့်အခါ အထူးသဖြင့် စက်ဖြင့်အဝတ်လျှော်သည့်အခါ အဝတ်အထည်များ လျှော်ဖွပ်ခြင်းတို့ကြောင့်ပလတ်စတစ်ဖိုက်ဘာ အမျှင်လေးများ (Plastic Fibers) ထွက်ရှိလာပြီး ရေဆိုးထုတ်ခြင်းမှတစ်ဆင့် မြောင်းသို့ရောက်ရှိကာ နောက်ဆုံးပင်လယ်သမုဒ္ဒရာထဲသို့ ရောက်သွားကာ မိုက်ခရိုပလတ်စတစ်များအဖြစ်သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။

၎င်းဖိုင်ဘာတို့သည် များသောအားဖြင့် Synthetic materials များဖြစ်သည့်ပိုလီအီစတာ(Polyester) နှင့် နိုင်လွန် (Nylon)များဖြင့် ပြုလုပ်ထားပြီး ရေဆိုးအဖြစ်စွန့်ထုတ်ခြင်းဖြင့် ပါဝင်သွားလေ့ရှိသည်။ ထိုသာမက လူသားတို့ နေ့စဉ်အသုံးပြုနေကြသည့် တစ်ကိုယ်ရည်သုံး အလှကုန်ပစ္စည်းများ ( Cosmetic Products) ဖြစ်သည့် သွားတိုက်ဆေး၊ ကိုယ်တိုက်ဆပ်ပြာအမျိုးအစားများ(exfoliating scrubs)ထဲတွင် plastic beads ဟုခေါ်သည့် သေးငယ်သော ပလတ်စတစ်အမှုန်အမွှားများ ပါဝင်ပါသည်။ထို plastic beadsများသည် သန့်စင်ခြင်း၊ဆေးကြောခြင်းတို့အတွက် အထောက်အကူပြု သော်လည်း ၎င်းတို့ကို ရေနှင့်အတူ ဆေးကြောလိုက်သည့်အခါ မြောင်းရေများမှတစ်ဆင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်နှင့် တောရိုင်းတိရစ္ဆာန်များအပေါ် ဆိုးကျိုးများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

ထိုကဲ့သို့ တစ်နည်းနည်းဖြင့် ရေထုထဲသို့ ရောက်ရှိလာသော စွန့်ပစ်ပလတ်စတစ်အမှိုက်များတွင် ရေသန့်ဗူးခွံများ၊ ပလတ်စတစ်အိတ်များ၊ တစ်ခါသုံးကြွပ်ကြွပ်အိတ်များ၊အစားအစာထုတ်ပိုးသည့် ပလတ်စတစ်များ၊တစ်ခါသုံးခွက်၊ပန်းကန်များ၊ ပလတ်စတစ်ဇွန်းခက်ရင်းများ၊ပိုက်များနှင့် ဆေးလိပ် ဖင်ဆီခံများ စသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများမှာ အများဆုံးဖြစ်ပါသည်။ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်အမှိုက် တန်ချိန် ၃၈၀ သန်းကို စွန့်ထုတ်နေပြီး ၂၀၃၄ ခုနှစ်တွင် နှစ်ဆတိုးရန် ရည်မှန်းထားသည်။၎င်းစွန့်ပစ်ပစ္စည်းများသည် မြစ်ချောင်း၊အင်းအိုင်မြောင်းတို့မှတစ်ဆင့် ပင်လယ်သမုဒ္ဒရာ သို့ရောက်ရှိပြီး နေရောင်ခြည်၊ပင်လယ်လေနှင့် ဆားငန်ရည်တို့ဖြင့်ထိတွေ့မှုအချိန်ကြာမြင့်သည့်အခါ သေးငယ်သော ပလတ်စတစ်အမှုန်အမွှားအဖြစ် ကွဲထွက်ကာ "breakdown" ပြောင်းသွားပါသည်။ ၎င်းဖြစ်စဉ်ကို degradation သို့မဟုတ် fragmentation ဟု ခေါ်ပါသည်။

ယနေ့တွင် သမုဒ္ဒရာအတွင်းရှိ မိုက်ခရိုပလတ်စတစ် အရေအတွက်ကို အတိအကျခန့်မှန်းရန် ခက်ခဲသော်လည်း အချို့သောလေ့လာမှုများအရ မိုက်ခရိုပလတ်စတစ်များကို ကျယ်ကျယ်ပြန့်ပြန့်တွေ့ရှိနိုင်ပြီး သမုဒ္ဒရာအားလုံးတွင် တွေ့ရှိနိုင်သည်ဟု လေ့လာမှုများက ဖော်ပြနေကြသည်။သုတေသနလေ့လာမှုတစ်ခုအရ သမုဒ္ဒရာထဲတွင် မိုက်ခရိုပလတ်စတစ်အမှုန်များ ၁၅ ထရီလီယံမှ ၅၁ ထရီလီယံကြား ရှိပြီး စုစုပေါင်းအလေးချိန် ၉၃၀၀၀ မှ ၂၃၆၀၀၀ မက်ထရစ် တန်ရှိနိုင်ကြောင်းခန့်မှန်းထားသေးသည်။ထိုထဲတွင် ၅၀ ရာခိုင်နှုန်းမှာ တစ်ခါသုံးပလတ်စတစ်စွန့်ပစ်ပစ္စည်းများဖြစ်ပြီး ၎င်းတို့မှ ၉ ရာခိုင်နှုန်းကိုသာ ပြန်လည်တီထွင်အသုံးပြု(Recycle)နိုင်သေးသည်။Condor ferries UK ၏ ထုတ်ပြန်ချက်အရ ယခုအခါ ကျွန်ုပ်တို့၏ သမုဒ္ဒရာထဲတွင် မက်ခရိုနှင့် မိုက်ခရိုပလတ်စတစ်အပိုင်းအစ ၅ ဒသမ ၂၅ ထရီလီယံရှိပြီး သမုဒ္ဒရာ၏ စတုရန်းမိုင်တိုင်းတွင် အပိုင်းအစ ၄၆၀၀၀ ရှိကာ တန်ချိန် ၂၆၉၀၀၀ အထိရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ထို့ပြင် နေ့စဉ် ပလတ်စတစ်အပိုင်းအစ ၈သန်းခန့်သည်လည်း သမုဒ္ဒရာများထဲသို့ စီးဝင်လျက်ရှိပါသည်။ပင်လယ်ထဲတွင် မျောပါနေသော The Great Pacific Garbage Patch ဟုခေါ်သည့် "ပလတ်စတစ်အမှိုက်ပင်လယ်လှိုင်း" ကြီးသည် စတုရန်းကီလိုမီတာ ၁ဒသမ ၆ မီလီယံအကျယ်ရှိပြီး အမေရိကန် တက္ကဆက်ပြည်နယ်ထက်ပိုမိုကြီးမားလျက်ရှိပါသည်။

ကိန်းဂဏန်းများကို ဆက်လက်လေ့လာရလျှင် ကမ္ဘာပေါ်တွင် တစ်မိနစ်ကိုပလတ်စတစ်အိတ်တစ်သန်း စွန့်ပစ်လျက်ရှိပြီး တစ်သန်းသောပင်လယ်ပျော်ငှက်များနှင့် တစ်သိန်းသော ရေနေသတ္တဝါများသည် ထိုပင်လယ်ထဲရှိ ပလတ်စတစ်အမှိုက်များကြောင့် နှစ်စဉ်သေဆုံးလျက်ရှိနေပါသည်။

## သဘာဝပတ်ဝန်းကျင်အပေါ် မိုက်ခရိုပလတ်စတစ်များ၏ ဆိုးကျိုးများ

မိုက်ခရိုပလတ်စတစ်များ၏ အဓိကဆိုးကျိုးကို ခံစားရသည်မှာ တောရိုင်းတိရစ္ဆာန်များပင် ဖြစ်ပါသည်။ အထူးသဖြင့် ရေနေသတ္တဝါများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိပါသည်။ မိုက်ခရိုပလတ်စတစ်များကို တိရစ္ဆာန်များက အစားအစာအဖြစ် လွဲမှားစေပြီး စားသုံးမိကြသည်။ စားသုံးမိသောအခါ မိုက်ခရိုပလတ်စတစ်များသည် အစာခြေပြဿနာများ၊အသက်ရှူကျပ်ခြင်း၊ သို့မဟုတ် အစာငတ်မွတ်ခြင်းကဲ့သို့သော တောရိုင်းတိရစ္ဆာန်များကို ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု ဖြစ်စေနိုင်သည်။ မိုက်ခရိုပလတ်စတစ်များသည် တိရစ္ဆာန်များ၏ တစ်သျှူးများတွင်လည်း စုပုံနိုင်ပြီး၎င်းတို့၏ ကျန်းမာရေးနှင့် မျိုးပွားမှုတို့ကို ထိခိုက်စေပြီး တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းမှုတို့နှင့် ရင်ဆိုင်နေရပါသည်။

ဂေဟစနစ်များ ယိုယွင်းပျက်စီးလာခြင်း ဖြစ်ပါသည်။ မိုက်ခရိုပလတ်စတစ်များသည်ဂေဟစနစ်

စာ-၁၅ သို့